
ဝန်ဇင်း
Read on the move
နှင်းသိရိ ကျက်သရေ
ပန်းစံပယ်
နန်းလယ် ပပေါ်ဒိုက်ပဟာမို့

# အခန်း (၁)

“ခင်ဖြူရေ…ခင်ဖြူ”

“ရှင်…ကိုကို”

မင်းသွေးဆက်ခေါ်သံကြောင့် ဘုရားပန်းလဲနေရာမှ ခင်ဖြူထူးလိုက်သည်။

“ရှင် ကိုကိုလုပ်မနေနဲ့…ဒီကို ခဏလာဦး”

“ဟုတ်ကဲ့ ကိုကို…ခဏလေးနော်”

ခင်ဖြူမှာ ထိုးလက်စပန်းအိုးကို ဆက်ပြင်နေသည်။ မင်းသွေးဆက်မိခင် ဒေါ်မာလာအေးက ဖယောင်းတိုင်များနှင့် အမွှေးတိုင်များကို မီးညှိနေသည်။

“ခင်ဖြူ…လာဦးဆို”

ခင်ဖြူမှာ ပန်းထိုးနေရင်းမှ ဒေါ်မာလာအေးကို ကြည့်လိုက်သည်။

“သွားလိုက်ပါ ခင်ဖြူရယ်…သမီးအစ်ကို ဘာဖြစ်ပြန်တယ်မသိပါဘူးဆိုတော့…”

ပန်းထိုးလက်စထားခဲ့ရမှာကို အားနာဟန်ဖြင့် ခင်ဖြူပြောသည်။

ဒေါ်မာလာအေး ပြုံးသည်။

“ဒေါ်ဒေါ်အေး ဆက်ထိုးလိုက်ပါ့မယ်ကွယ်”

“ခင်ဖြူ”

ဒေါ်ဒေါ်အေးက တွန်းလွှတ်နေသည်။

“ဒေါ်ဒေါ်အေးပဲ ဆက်ထိုးလိုက်တော့နော်…ခင်ဖြူ သွားလိုက်ဦးမယ်… လာပြီ ကိုကိုရေ”

ဒေါ်မာလာအေးကိုပြောရင်း မင်းသွေးဆက်အခန်းရှိရာသို့ ခင်ဖြူအပြေးလေးရောက်လာ

သည်။

“ကိုကို”

ကိုကို့အခန်းဝမှာ ခပ်ရှိ့ရှိ့လေးရပ်ရင်း ကိုကိုဟုခေါ်လိုက်သည်။

“ခေါ်နေတာကြာလှပြီ…ပေါ်ကိုမလာဘူး…ဘာလုပ်နေတာလဲ”

မင်းသွေးဆက်က ခါးထောက်ကာ မျက်မှောင်ကုပ်ကြည့်ရင်းပြောသည်။

“ဟို…ခင်ဖြူ ဘုရားပန်းထိုးလို့ မပြီးသေးလို့ပါ ကိုကို”

ခင်ဖြူက ခပ်ရှိ့ရှိ့လေးပြောတော့ မင်းသွေးဆက်မျက်မှောင်များ ပြေလျော့သွားရသည်။ မျက်နှာလေးငယ်နေသော ခင်ဖြူ့ကို ကရုဏာသက်စွာကြည့်လိုက်သည်။

“ဒါဆိုလည်း ပြီးတာပဲ…ဝင်ခဲ့လေ…အခန်းဝမှာ ဘာရပ်လုပ်နေတာလဲ…လာ…ခင်ဖြူ့ကို ခိုင်းစရာရှိလို့”

“ဟုတ်ကဲ့ ကိုကို”

အခန်းတွင်းသို့ ခင်ဖြူဝင်လာသည်။

မင်းသွေးဆက်က အဝတ်လျှော်ပြီးထည့်ထားသောခြင်းတောင်းထဲမှ အင်္ကျီတစ်ထည်ကို ဆွဲထုတ်လိုက်သည်။

"ရော့… ဒီအင်္ကျီကို မီးပူအမြန်တိုက်ပေးပါ"

"မီးပူတိုက်ပြီးသားအင်္ကျီတွေ အများကြီးရှိသားပဲ ကိုကိုရယ်"

"ဟာ တိုက်ဆိုပါကွာ… ဒီအင်္ကျီဝတ်ချင်လို့ တိုက်ခိုင်းတာပေါ့ကွ… လာ လာ မြန်မြန်တိုက် ပေး…ကိုကို အခုပဲသွားရတော့မယ်"

မင်းသွေးဆက်မှာ အင်္ကျီကို ခင်ဖြူလက်ထဲထိုးထည့်ရင်း ပျာယာခတ်စွာ ပြောနေသည်။ ခင်ဖြူမှာ မင်းသွေးဆက် ဝတ်မည့်အင်္ကျီကို မီးပူအမြန်တိုက်နေရသည်။

မီးပူတိုက်ပြီးသည်နှင့် အင်္ကျီကောက်ဝတ်ပြီး

"သွားပြီ ခင်ဖြူရေ" ဟုနှုတ်ဆက်ပြီး အခန်းထဲမှထွက်သွားသည်။ ခင်ဖြူမှာ ကိုကို့ကျောပြင် ကို ပြုံးကြည့်ရင်းကျန်ခဲ့သည်။

ကိုကိုထွက်သွားသည်နှင့် မီးပူမတိုက်ရသေးသော အဝတ်များအားလုံးကို မီးပူတိုက်ပေးပြီး ဗီရိုထဲသို့ သေသပ်စွာ ထည့်လိုက်သည်။

ကိုကို့အိပ်ရာပေါ်တွင် ပြန့်ကျဲနေသော စောင်ကိုလည်း သေချာစွာခေါက်လိုက်သည်။ အိပ်ရာခင်းများကိုလည်း ညီညာပြန့်ပြူးအောင် ပြန်လည်ပြုပြင်လိုက်သည်။ ခေါင်းအုံးများကိုလည်း စီစီရီရီထားလိုက်သည်။

အခန်းတွင်း ရှင်းလင်းပြီးသည်နှင့် လျှော်စရာအဝတ်များကို ပွေ့ပိုက်ပြီး အဝတ်လျှော်စက်ရှိ ရာသို့ လာခဲ့သည်။ အဝတ်လျှော်စက်နားတွင် အဝတ်များကိုပုံခဲ့ပြီး ဦးစိုးနှင်းနှင့် ဒေါ်မာလာအေးတို့ အခန်းဆီသို့ ခင်ဖြူလျှောက်လာခဲ့သည်။

ဦးစိုးနှင်းမှာ ဧည့်ခန်းထဲသို့ ထွက်လာသည်။

"ဟ ခင်ဖြူပါလား… စောစောက ခင်ဖြူ့ကိုကို ဘာခေါ်ခိုင်းတာလဲ"

"မီးပူတိုက်ခိုင်းတာပါ ဦးဦးစိုး…အခု ခင်ဖြူအဝတ်လျှော်မလို့

အဝတ်လာယူတာပါ”

ခေါင်းလေးငုံ့ပြီး ရှိသေစွာပြောသည်။

“ခုတင်ခြေရင်းမှာပုံထားတယ် ခင်ဖြူ… အခန်းထဲမှာ သွားယူချေ”

အဝတ်များကို ယူခဲ့ပြီး အဝတ်အားလုံးကို အဝတ်လျှော်စက်ထဲထည့်လျှော်လိုက်သည်။

အဝတ်လျှော်ပြီးသည်နှင့် မီးဖိုထဲတွင်ချက်ပြုတ်နေသော ဒေါ်ရွှေဥကိုဝိုင်းကူလုပ်ပေးသည်။

ချက်ပြုတ်ပြီးစီးသည်နှင့် ဦးဦးစိုးနှင့် ဒေါ်မာလာအေးတို့ လင်မယားနှစ်ယောက်ကို ထမင်း ပြင်ကျွေးပြီးမှ ခင်ဖြူတို့ စားလိုက်သည်။

ထမင်းစားသောက်ပြီးတော့ ခင်ဖြူအားသွားပြီ။

ဦးဦးစိုးက အလုပ်သွားပြီ။

ဒေါ်ဒေါ်အေးကတော့ ဘုရားစာထိုင်ဖတ်နေသည်။

ဒေါ်ရွှေဥမှာလည်း သိမ်းဆည်းစရာများကို သိမ်းဆည်းနေသည်။

ခြံစောင့်ဦးဖိုးဌေးသည်လည်း ရေနွေးတစ်အိုးယူသွားပြီး ခြံစောင့်ဂိတ်ခြံတဲလေးထဲတွင် သွားထိုင်နေပြီ။

ခင်ဖြူလည်း တစ်ယောက်တည်းမို့ ပျင်းနေသည်။

သီချင်းတိုးတိုးဖွင့်ပြီး နားထောင်မိသည်။ သီချင်းနားထောင်ရင်းကိုကို့ကို သတိရနေမိသည်။ ဒီနေ့ကိုကို့ ဂျူတီမရှိမှန်း ခင်ဖြူသိနေသည်။

မနက်က ခင်ဖြူကို မီးပူကမန်းကတန်းတိုက်ခိုင်းပြီးသည်နှင့် ထွက်သွားသည်မှာ ပြန်မလာ သေး။ နံနက်စာ ဘယ်မှာစားမည်မသိ။

ကိုကို့အတွက် စိတ်ပူမိသည်။

ကိုကို့မှာ အိမ်ဟင်းအိမ်ထမင်းမှလွဲ၍ အပြင်စာများကို သိပ်မစားတတ်။ စားလေ့စားထမရှိ။ အိမ်ထမင်း အိမ်ဟင်းများကိုသာ စိတ်သန့်သန့်နှင့် စားလေ့ရှိသည်။

"ခင်ဖြူရေ"

ကိုကို့အကြောင်းတွေးနေစဉ်မှာပင် အိမ်ရှေ့မှ ကိုကို့ ခေါ်သံကိုကြားလိုက်ရသည်။ ကိုကို့ အကြောင်းတွေးနေ၍ ကားရပ်သံကိုပင် မကြားမိ။

ကတ်ဆက်ခလုတ်ပိတ်ထားခဲ့ပြီး အိမ်ရှေ့သို့ ခင်ဖြူပြေးထွက်ခဲ့သည်။

"ကိုကို ထမင်းစားပြီးပြီလား"

ကားတံခါးကို ဂျိုင်းခနဲနေအောင်ပိတ်ပြီး အိမ်ထဲဝင်လာသော ကိုကို့ကိုမြင်လိုက်သည်နှင့် ခင်ဖြူမေးလိုက်သည်။

ကိုကိုက ခင်ဖြူ့အမေးကို ချက်ချင်းမဖြေ။ မွေးပွလက်ကိုင်ပုဝါလေးဖြင့် ချွေးသုပ်နေလိုက် သေးသည်။ ခင်ဖြူကတော့ ကိုကို့စကားကို ငံ့လင့်နေသည်။

"မစားရသေးဘူး ခင်ဖြူ...ကိုကို အပြင်မှာ ထမင်းမစားတတ်တာ ခင်ဖြူသိတာပဲကွာ... သွား သွား သွား ထမင်းသွားပြင်ချေ"

စောစောကတော့ စိမ်ပြေနပြေချွေးသုပ်နေပြီး ယခုမှ အတင်းတွန်းလွှတ်နေသည်။

"ခင်ဖြူ မြန်မြန်ပြင်နော်...မြန်မြန်...ကိုကို ထမင်းဆာလှပြီ"

ခင်ဖြူမှာ ထမင်းစားခန်းသို့ အမြန်ပြေးပြီး ကိုကို့အတွက် ထမင်းဝိုင်းကို လျှင်မြန်စွာ ပြင်ဆင် နေသည်။ ချဉ်ရေဟင်းကိုလည်း ပြန်နွေးလိုက်သည်။

ကိုကိုက ဒီပြင်ဟင်းတွေမပူရင်နေပါစေ။ အရည်သောက်ကိုတော့ ပူနေမှကြိုက်တတ်သည်။

ကြက်သားဟင်း၊ အစိမ်းကြော်၊ ပဲသီးသုပ်တို့ကို ပြင်ဆင်လိုက်သည်။ ချဉ်ရေဟင်းပူလာ သည်နှင့် မီးပိတ်ပြီး ပန်းကန်ထဲထည့်လိုက်သည်။

ထမင်းကိုလည်း ကြွေပန်းကန်ပြားထဲထည့်ပြီး ဇွန်းနှင့် ခက်ရင်းကိုပါ အသင့်ချထားပေး လိုက်သည်။

"ကိုကို ရေ…လာစားလို့ရပြီ"

ခင်ဖြူ့အသံကြားသည်နှင့် အဝတ်အစားလဲနေရာမှ မင်းသွေးဆက် ထလာခဲ့သည်။ အင်္ကျီ က မဝတ်ရသေး။ ဒီတိုင်း ပခုံးပေါ်တင်လာသည်။

"ဟင် ကိုကို… အင်္ကျီဝတ်လေ"

ခင်ဖြူပြောမှပင် မင်းသွေးဆက် အင်္ကျီကို ခေါင်းပေါ်မှ စွတ်ချလိုက်သည်။ ထို့နောက် ဇွန်း နှင့် ခက်ရင်းကို ကောက်ကိုင်လိုက်ပြီး ထမင်းစားတော့သည်။

"ကိုကို ဆာနေပြီ ခင်ဖြူရ"

ကိုကိုက ခင်ဖြူ့ကို စကားလှမ်းပြောရင်း ထမင်းစားနေသည်။ ခင်ဖြူကတော့ ကိုကိုနှင့် မျက်နှာချင်းဆိုင်ခုံတွင် ထိုင်နေရင်းမှ ကိုကို့ကို ကြည့်နေသည်။

ကိုကို ဘယ်သွားတာလဲဟု မေးချင်သော်လည်း မမေးရဲ။

"ကိုလှဦးတို့နဲ့ချိန်းထားလို့ ကိုကိုသွားတာ ခင်ဖြူရဲ့… စကားကကောင်းနေတာနဲ့ ပြန်ဖို့မေ့ နေတယ်…ကိုလှဦးတို့က ထမင်းစားမယ်ပြောမှ ကမန်းကတန်းထပြန်လာရတာ "

ခင်ဖြူမမေးရဘဲ မင်းသွေးဆက်ပြောပြနေသည်။

"ကိုကို့ကို ထမင်းစားဖို့မခေါ်ဘူးလား "

“ဟ… ဘယ့်နှယ့်ပြောပါလိမ့် ခင်ဖြူရယ်… ခေါ်တာပေါ့…ကိုကိုက အကြောင်းတွေအမျိုးမျိုး ပြပြီး ထွက်ခဲ့တာ…ကိုလှဦးတို့ စိတ်ဆိုးပြီးကျန်ခဲ့တယ်… စိတ်ဆိုးလည်း မတတ်နိုင်ဘူး…ကိုကိုမှ အပြင်မှာ မစားတတ်တာ”

ကိုကိုပြောသမျှကို ခင်ဖြူနားထောင်နေမိသည်။ ကိုကို့ပန်းကန်ထဲမှာ ထမင်းကုန်တော့ ခင်ဖြူ ထမင်းထပ်ဖြည့်ပေးလိုက်သည်။

“ကိုကိုက ကိုကိုထမင်းစားရင် ကိုကို့အနားမှာ ခင်ဖြူရှိမှ စားလို့ဝင်တာ ခင်ဖြူရဲ့”

ခင်ဖြူ့အား တစ်ချက်စိုက်ကြည့်ရင်း မင်းသွေးဆက် ပြောလိုက်သည်။ ကိုကို့စကားကြောင့် ခင်ဖြူကြည်နူးသွားရသည်။

မင်းသွေးဆက် ထမင်းစားပြီးသည်နှင့် ဆေးကြောစရာရှိတာတွေ ဆေးကြော၊ သိမ်းစရာ ရှိတာ သိမ်းပြီးသည်နှင့် မင်းသွေးဆက်ရှိရာ ဧည့်ခန်းထဲသို့ ခင်ဖြူထွက်ခဲ့သည်။

“ခင်ဖြူ လာထိုင်”

မင်းသွေးဆက်နှင့် မျက်နှာချင်းဆိုင်တွင် ခင်ဖြူဝင်ထိုင်လိုက်သည်။

“နွေကျောင်းပိတ်ဆိုတော့ ခင်ဖြူပျင်းနေတယ်ပေါ့ ဟုတ်လား”

ခင်ဖြူပြုံးရင်း ခေါင်းခါသည်။

မင်းသွေးဆက်က ခင်ဖြူ့ဘေးခုံတွင် ပြောင်းထိုင်လိုက်ပြီး ခင်ဖြူ့ခေါင်းလေးကို ချစ်စနိုး ဟန်ဖြင့် တစ်ချက်ပုတ်လိုက်သည်။

“ကောင်မလေး ညာတာ…ခင်ဖြူတစ်ယောက်တည်းဆိုတော့ ပျင်းမှာပေါ့ကွာ…မေမေ ကလည်း သူ့အခန်းထဲမှာပဲ ပုတီးစိပ်နေ…ဖေဖေကလည်း အလုပ်သွား…ကိုကိုကလည်း အိမ်မှာ မရှိတာက ခပ်များများဆိုတော့ ခင်ဖြူပျင်းနေမှာပါကွာ”

ကိုကို့စကားကို ခင်ဖြူပြုံးရင်းနားထောင်နေမိသည်။

"ကိုကိုအားရင် ခင်ဖြူသွားချင်တဲ့နေရာတွေကို လိုက်ပို့ပေးမယ် ဟုတ်လား"

ခင်ဖြူခေါင်းညိတ်သည်။

"အဟင်း... ကျောင်းပြန်ဖွင့်ရင်တော့ ခင်ဖြူလည်း ဆယ်တန်းကျောင်းသူကြီးတောင် ဖြစ်ပြီနော်"

ခင်ဖြူ ခေါင်းညိတ်ပြန်သည်။

"ကောင်မလေး...ကိုကိုပြောနေတာကို ဘာမှပြန်မပြောဘဲ ခေါင်းပဲညိတ်နေတော့တာပဲ"

မင်းသွေးဆက်က ပြုံးရယ်ပြီးပြောတော့ ခင်ဖြူကပါ အသံလေးထွက်အောင် တခစ်ခစ်ရယ် လိုက်သည်။

မင်းသွေးဆက်က ခင်ဖြူ့ကိုစိုက်ကြည့်ရင်းပြောသည်။

"ခင်ဖြူ...မင်းဟာလေ ရိုးရိုးအေးအေးလေးနဲ့သိပ်ချစ်ဖို့ကောင်းတဲ့မိန်းကလေးပဲ...မင်းကိုတို့ အိမ်မှာရှိနေတာ ကိုကို့အတွက်တော့ ညီမလေးတစ်ယောက် ကောက်ရသလိုခံစားရတယ်သိလား"

"ခင်ဖြူ့ကို ညီမလေးတစ်ယောက်လို သဘောထားတဲ့တွက် ကိုကို့ကို ခင်ဖြူကျေးဇူးတင် ပါတယ် ကိုကို"

"ကျေးဇူးတင်ပါတယ်လို့ပြောတဲ့စကားက သူစိမ်းတစ်ယောက်ကိုပြောသလိုမျိုးဖြစ်မနေဘူး လား ခင်ဖြူ"

"ဟို"

ခင်ဖြူ ဘာပြန်ပြောရမှန်းမသိ။

“ကိုကို့ကို အစ်ကိုအရင်းတစ်ယောက်လိုသဘောထားရင် ကျေးဇူးတင်ပါတယ်ဆိုတဲ့ စကား မျိုး နောက်မပြောနဲ့တော့နော် ကြားလား”

“ဟုတ်ကဲ့ ကိုကို”

ခင်ဖြူ ခေါင်းနှစ်ချက်ဆင့်ညိတ်လိုက်သည်။

“အဲ.. ခင်ဖြူ့ကို ပြောရဦးမယ်”

ကိုကို့မျက်နှာကို ခင်ဖြူကြည့်လိုက်သည်။

“သြော်…ခင်ဖြူက ရေချိုးရင် တအားကြာတယ်ဆိုတော့ အအေးမိမှာစိုးရတယ်…ဒါကြောင့် ရေချိုးရင် မြန်မြန်သွက်သွက်ချိုး ကြားလား ခင်ဖြူ”

ကိုကို့ထံမှ အကြင်နာစကားကြားရတော့ ခင်ဖြူပျော်သွားရသည်။ ကြည်နူးမှုသည်လည်း ရင်ထဲသို့ ပျားရည်သဖွယ် စီးဝင်ခဲ့သည်။

“အဟင်း…ခင်ဖြူ ဖျားတော့ ကိုကိုဆေးကုပေးပေါ့လို့…ကိုကိုက ဆရာဝန်ကြီးပဲဟာ”

ညီမငယ်တစ်ယောက်က အစ်ကိုတစ်ယောက်အား ချွဲနွဲ့ပုံမျိုးနှင့် ပြောလိုက်တော့ မင်းသွေး ဆက် သဘောကျသွားရသည်။

“အဟား ဟား ..ဟုတ်တယ်..ဟုတ်တယ်..ခင်ဖြူနေမကောင်းရင် ကိုကိုဆေးကုပေးမယ်… ကိုကိုဆေးကုတာခံချင်လို့ နေမကောင်းဖြစ်အောင် မကြိုးစားနဲ့… ခင်ဖြူ နေမကောင်းလို့ကတော့ ခင်ဖြူ့တင်ပါးကို အပ်ကြီးကြီးနဲ့ နာနာထိုးပေးရမယ်”

“အမလေး လေး…နေမကောင်းမဖြစ်ရဲအောင် တစ်ခါတည်းခြိမ်းခြောက်ထားတာပေါ့လေ… ကိုကိုပြောတာနဲ့တင်

ခင်ဖြူတော့နေမကောင်းမဖြစ်ရဲတော့ဘူး”

ခင်ဖြူစကားကြောင့် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်း လွတ်လပ်ပျော်ရွှင်စွာ ရယ်မိကြတော့သည်။

*

# အခန်း (၂)

“ခင်ဖြူ..ခင်ဖြူ..ဟေ့ ခင်ဖြူ”

မင်းသွေးဆက်၏ ပျာပျာသလဲခေါ်သံကို ခင်ဖြူကြားလိုက်ရသည်။ မီးပူတိုက်လက်စကို ဒီအတိုင်းပစ်ထားပြီး ဧည့်ခန်းထဲသို့ အပြေးကလေးထွက်လာခဲ့သည်။

“လာ..လာ..အမြန်လာ”

မင်းသွေးဆက်က နှစ်ယောက်ထိုင်ဆိုဖာပေါ်တွင် နောက်မှီထိုင်ရင်း ခင်ဖြူကိုခေါ်နေသည်။

“အို..လာပါပြီ ကိုကိုရဲ့..ဘာလို့ လောနေရတာ လဲ”

ကိုကိုနှင့်မျက်နှာချင်းဆိုင်တွင် ခင်ဖြူဝင်ထိုင်လိုက်သည်။

“ရော့ ခင်ဖြူ…ဒါသွားဝတ်ခဲ့”

ကိုကိုက အထုပ်တစ်ထုပ်ကမ်းပေးနေသည်။

“ဘာတွေလဲ ကိုကို”

အထုပ်ကိုဆွဲယူရင်း ခင်ဖြူမေးလိုက်သည်။

“ကြည့်ကြည့်ပေါ့ခင်ဖြူရယ်…ခင်ဖြူ့အတွက် ကိုကို ဝယ်ခဲ့တာ”

အထုပ်လေးထဲ ခင်ဖြူလက်နှိုက်လိုက်သည်။

အသင့်ချုပ်ပြီးသား လုံချည်နှစ်ထည်နှင့် ရိုးရိုးယဉ်ယဉ် ရယ်ဒီမိတ်အင်္ကျီသုံးထည်။

"ဟာ...လှလိုက်တာ ကိုကိုရယ်"

ခင်ဖြူပြောတော့ မင်းသွေးဆက်သဘောကျစွာ ခေါင်းညိတ်သည်။

"သွား...အင်္ကျီသွားလဲချေ...ခင်ဖြူ့ကို ကိုကိုဘုရား လိုက်ပို့ပေးမယ်"

"ဟယ်...တကယ်"

အံ့သြဝမ်းသာစွာ ခင်ဖြူမေးသည်။

"တကယ်ပေ့ါခင်ဖြူရဲ့...ကိုကို ဒီနေ့အားတယ်လေ"

"ဟို...ဒေါ်ဒေါ်အေးက လွှတ်ပါ့မလား"

"ဟာ လွှတ်တယ်...မေမေက ကိုကို့ကို အစကတည်းက ပြောထားပြီးသား...သားအားတဲ့ အခါတွေမှာ ခင်ဖြူ့ကို အပြင်တွေဘာတွေ ပို့ပေးလိုက်ပါတဲ့"

ကိုကိုက ပြုံးရင်းပြောသည်။

"တကယ်လား ကိုကို"

"သြော်...ခင်ဖြူ့ကို ကိုကိုက ညာနေရဦးမှာလား ကောင်မလေးရဲ့... ခင်ဖြူမယုံရင် မေမေ့ ကိုသွားမေးကြည့်.. ကဲကဲ စကားများမနေနဲ့... အဝတ်သွားလဲချေ"

ညှော့ခန်းထဲမှထွက်ရန် ခင်ဖြူခြေလှမ်းပြင်လိုက်သည်။

"ဟော့..ဒီအဝတ်ထုပ် ယူသွားဦးလေ"

ကိုကို့ကို ကျေးဇူးတင်သောအကြည့်နှင့် ပြုံးကြည့်ပြီး အထုပ်ကလေးကိုပိုက်ကာ သူမအခန်း ထဲသို့ ပြန်လာခဲ့သည်။

မီးပူကို ဆက်မတိုက်တော့ဘဲ ခလုတ်ပိတ်ထားလိုက်သည်။ တိုက်လက်စအဝတ်များကို သေသပ်စွာစုထားပြီး ကိုကိုပေးထားသောအထုပ်ထဲမှ ပန်းရောင်အင်္ကျီလေးနှင့် ပန်းရောင်လုံချည် လေးကို ဝတ်ဆင်လိုက်သည်။

အဝတ်လဲပြီးသည်နှင့် ဒေါ်ဒေါ်အေးအခန်းထဲသို့ ခင်ဖြူဝင်ခဲ့သည်။

"အယ် အမီးခင်ဖြူ...လှလိုက်တာကွယ်"

ဒေါ်ဒေါ်အေးက ခင်ဖြူ့ကိုမြင်သည်နှင့် လက်ထဲမှ ပုတီးကိုအသာချရင်းပြောသည်။

ခင်ဖြူယဉ်ကျေးစွာပြုံးသည်။

"အဟင်း..ကိုကိုက ခင်ဖြူ့အတွက် ဝယ်လာတာတဲ့...အဲဒါ ချက်ချင်းလဲခိုင်းပြီး ခင်ဖြူ့ကို အပြင်လိုက်ပို့ပေးမယ်တဲ့...အဲဒါ"

ခင်ဖြူ စကားမဆက်။ ဒေါ်မာလာအေးကိုသာ ခပ်ရှုံ့ရှုံ့လေးကြည့်နေသည်။

ဒေါ်မာလာအေးက ခင်ဖြူ့ကိုကြည့်ရင်း အားပါးတရ ပြုံးလိုက်သည်။

"အဟင်း...ခင်ဖြူက ဒေါ်ဒေါ်အေးမလွှတ်မှာစိုးလို့လား...မစိုးရိမ်ပါနဲ့ ခင်ဖြူရယ်... သားကိုပဲ ဒေါ်ဒေါ်အေးပြောထားတာ...သားအားတဲ့နေ့တွေကျရင် ခင်ဖြူ့ကိုအပြင်လေးဘာလေးပို့ပေးပါလို့... ခင်ဖြူလည်း ကျောင်းပိတ်ကတည်းက ဘယ်မှရောက်ရတာ မဟုတ်ဘူး...သွား သွား"

"ကျေးဇူးတင်လိုက်တာ ဒေါ်ဒေါ်အေးရယ်"

ကျေးဇူးတင်သောအကြည့်ဖြင့်ကြည့်ရင်း ခင်ဖြူပြောသည်။ ခင်ဖြူစကားကြောင့် ဒေါ်မာလာ အေး မျက်မှောင်တွန့်သွားသည်။

"ကျေးဇူးတင်တယ်ဆိုတဲ့ သူစိမ်းစကားမပြောပါနဲ့ ခင်ဖြူရယ်... ခင်ဖြူ့ကို ဒေါ်ဒေါ်အေးတို့ ဘယ်လိုသဘောထားတယ်ဆိုတာ ခင်ဖြူနားလည်မှာပါ"

ခင်ဖြူ၏ ဝင်းဝါချောမွေ့သောမျက်နှာလေးကို စိုက်ကြည့်ရင်း ဒေါ်မာလာအေးပြောသည်။

ခင်ဖြူ အားနာသောအပြုံးလေးပြုံးမိသည်။

သူမအပေါ်ကို ကိုကိုတို့တစ်မိသားစုလုံးက မိသားစုလိုသဘောမျိုးထားမှန်း ခင်ဖြူသိသည်။ သူမအပေါ်ကောင်းလွန်းသော ကိုကိုတို့၏ စေတနာကိုလည်း ခင်ဖြူခံစားရသည်။

“ခင်ဖြူ့အပေါ်မှာ ဒေါ်ဒေါ်အေးတို့တစ်မိသားစုလုံးက မိသားစုလိုသဘောထားတာ ခင်ဖြူ နားလည်ပါတယ်…ခင်ဖြူ့ကို သမီးရင်းလေးလိုချစ်တာသိရလို့လည်း ခင်ဖြူဂမ်းသာကြည်နူးရ တယ်… ခင်ဖြူကလည်း ဒေါ်ဒေါ်အေးနဲ့ ဦးဦးစိုးတို့ကို မိဘလိုပဲ သဘောထားပါတယ်”

ခင်ဖြူ့စကားကြောင့် ဒေါ်မာလာအေး မျက်နှာဝင်းပသွားသည်။

ကြည်နူးရိပ်ဖြတ်သန်းသွားသော ဒေါ်မာလာအေးမျက်နှာကို ကြည့်ရင်း ခင်ဖြူသည်လည်း ဂမ်းသာကြည်နူးရသည်။

“ကဲ ကဲ…ခင်ဖြူ သွားစရာရှိတာသွားလေ”

ဒေါ်မာလာအေးအား ယဉ်ကျေးလှစွာပြုံးပြပြီး ဧည့်ခန်းထဲသို့ ခင်ဖြူထွက်ခဲ့တော့သည်။

မင်းသွေးဆက် အဝတ်လဲပြီး၍ အသင့်စောင့်နေသည်။

“အဟား…ကိုကို့ညီမက လှတယ်ကွာ”

ပန်းရောင်မင်းသမီးလေးနှယ် လှပနေသော ခင်ဖြူ့ကိုနှစ်သက်စွာကြည့်ရင်း မင်းသွေးဆက် ပြောသည်။

“ကျေးဇူးတင်ပါတယ် ကိုကို”လို့ ပြောမိမလိုဖြစ်သွားသည့်အတွက် မနည်းပါးစပ်ပိတ်လိုက် ရသည်။

"လာ..ခင်ဖြူ သွားကြမယ်...ရော့"

မင်းသွေးဆက်က ခင်ဖြူ့အတွက် ကားရှေ့ခန်းတံခါးကို ဖွင့်ပေးလိုက်ပြီး သူကိုယ်တိုင် ကတော့ ကားမောင်းသူနေရာတွင် ဝင်ထိုင်လိုက်သည်။

ခင်ဖြူလည်း ကိုကိုနှင့်အတူ နှစ်ယောက်တည်းအပြင်ထွက်ရမည်မို့ ပျော်ရွှင်သောစိတ်တို့ ဖြင့် ကားထဲဝင်ထိုင်လိုက်သည်။

ကားထဲသို့ ခင်ဖြူဝင်ထိုင်ပြီး ကားတံခါးပိတ်လိုက်သည်နှင့် ကားလေးကို မင်းသွေးဆက် မောင်းထွက်ခဲ့သည်။

အပြင်မထွက်ရသည်မှာ ကြာပြီမို့ ခင်ဖြူမှာ ကားပြတင်းမှတစ်ဆင့် မြင်မြင်သမျှမြင်ကွင်းများ ကို မျက်စိတစ်ဆုံးလိုက်ကြည့်ရင်း ပျော်ရွှင်နေမိသည်။ ကားမောင်းနေရင်းမှ ခင်ဖြူ့ဘက်သို့ ကြည့် လိုက်မိတိုင်း ပြုံးပျော်နေသော ခင်ဖြူ့မျက်နှာလေးကြောင့် မင်းသွေးဆက်ကျေနပ်နေမိသည်။

ထို့နောက်ကားလေးမှာ ရွှေတိဂုံဘုရားသို့ရောက်လာပြီး တောင်ဘက်မုခ်ရှိ ယာဉ်ရပ်နားရာ စခန်းလေးထဲ ဝင်ရောက်ရပ်တန့်သွားသည်။

"ခင်ဖြူ...ဖိနပ်ကို ကားထဲမှာပဲချွတ်ထားခဲ့နော်"

"ဟုတ်ကဲ့ ကိုကို"

နှစ်ဦးသား ကားပေါ်မှဆင်းခဲ့ကြသည်။

"လာ...ဓာတ်လှေကားဆီသွားကြမယ်"

ကိုကိုက မှန်ဓာတ်လှေကားကို လက်ညှိုးညွှန်ပြရင်းပြောသည်။

"ဟင့်အင်း... ဓာတ်လှေကားနဲ့ မတက်ချင်ပါဘူး ကိုကိုရယ်... စောင်းတန်းအတိုင်းပဲ လမ်း လျှောက်ရင်းတတ်ကြမယ်နော်...နော်လို့ ကိုကို"

ခင်ဖြူက ညီမငယ်လေးတစ်ယောက် ချွဲနွဲ့သလိုမျိုးဖြင့် ပြောသည်။

မင်းသွေးဆက်က ခင်ဖြူ့အား
သဘောကျစွာပြုံးကြည့်ရင်းခေါင်းညိတ်သည်။

"မမလေး သဘောအတိုင်းပါပဲဗျာ...နောက်မှ မောတယ်မပြောနဲ့နော်"

"အင်းပါ ကိုကိုရဲ့"

ကိုကိုနှင့်ခင်ဖြူတို့ စောင်းတန်းအတိုင်း ဘုရားပေါ်တက်ခဲ့ကြသည်။
လှေကားတစ်ဝက် ကျော်တော့ ခင်ဖြူမောချင်လာပြီ။

"မောနေပြီ မဟုတ်လား"

ခင်ဖြူ့ခြေလှမ်းနှေးသွားတာကို သတိပြုမိ၍
မင်းသွေးဆက်မေးလိုက်သည်။ ခင်ဖြူခေါင်းခါ သည်။

ဘုရားပေါ်ရောက်တော့ ခင်ဖြူဟန်မဆောင်နိုင်တော့။
ရင်ပြင်ပေါ်ရောက်ရောက်ချင်း ထိုင်ချ လိုက်သည်။

"ကောင်မလေး မောနေပြီ"

ကိုကိုက ခင်ဖြူ့ဘေးတွင် ဆောင့်ကြောင့်ထိုင်ချလိုက်ပြီး
ပြုံးတုံ့တုံ့အမူအရာဖြင့်ပြောသည်။ ခင်ဖြူ့နားထင်လေးတွင် စို့တက်လာသော
ချွေးစလေးများကို တစ်ရှူး (tissue)လေးဖြင့် တို့သုတ် ပေးသည်။

မင်းသွေးဆက်နှင့် ခင်ဖြူမှာ တကယ့်မောင်နှမရင်းချာပမာ။

ခင်ဖြူ့ရင်ထဲတွင်လည်း လှုပ်ရှားမှုမရှိ။

သိပ်ချစ်ကြသောမောင်နှမနှစ်ဦး၏ စိတ်ထာလှလှလေးများသာ
သူတို့နှစ်ဦး၏ ရင်တွင်ခိုဝင် ကြရသည်။

ရင်ပြင်ပေါ်ပတ်ကြသည်။

ဘုရားရှိခိုးကြသည်။

ရေသပ္ပါယ်ကြသည်။

ဘုရားဖူးပြီးတော့ ပြည်သူ့ဥယျာဉ်ထဲ လာခဲ့ကြသည်။

ပန်းခြံထဲတွင် အနည်းငယ်လမ်းလျှောက်ပြီးတော့ ပြည်သူ့ဥယျာဉ် စားသောက်ဆိုင်ထဲ ဝင်ထိုင်ဖြစ်ကြသည်။

ခင်ဖြူမှာ လမ်းထွက်ရ၍ ပျော်ရွှင်နေသည်။

မင်းသွေးဆက်သည်လည်း ပျော်ရွှင်မြူးတူးနေသော ခင်ဖြူ့ကိုကြည့်ရင်း သူ့ထံသို့အပျော် များကူးစက်လာသလို ခံစားရသည်။

"ဟေး..ကိုဆက်"

ခေါ်သံနှင့်အတူ ဆိုင်ထဲဝင်လာသော ကိုလှဦးကိုတွေ့လိုက်ရသည်။

"ဟာ ကိုလှဦး...တစ်ယောက်တည်းလား... လာဗျာ။"

ကိုလှဦးက ကားသော့ကိုခါးမှာထိုးချိတ်ထားရင်း မင်းသွေးဆက်တို့ရှိရာ လျှောက်ခဲ့သည်။

"တစ်ယောက်တည်းပေါ့ ကိုဆက်ရယ်...ကိုဆက်လို စွံမှမစွံဘဲ"

ခင်ဖြူနှင့် မျက်နှာချင်းဆိုင်ခုံတွင်ဝင်ထိုင်ရင်း ပြောလိုက်သည့် ကိုလှဦးစကားကြောင့် ခင်ဖြူ့မျက်နှာလေး ရဲခနဲဖြစ်သွားသည်။

ခင်ဖြူမျက်နှာ ရဲခနဲဖြစ်သွားတာကို မင်းသွေးဆက်မြင်လိုက်ရသည်။

ခင်ဖြူ့ကို အားနာသွားရသည်။

"အာ..ကိုဦးတို့ကတော့ ထင်တာနဲ့စွတ်ပြောနေပြီ... ဒါကျွန်တော့်ညီမလေးဗျ...အပြင်မထွက် ရတာ ကြာပြီမို့ အပြင်လိုက်ပို့ပေးနေတာဗျ"

မင်းသွေးဆက်ပြောလာတော့ ခင်ဖြူ့မျက်နှာလေးကို ကိုလှဦးကြည့်ဖြစ်သည်။ ဝင်းပဖြူလွ နေသော မျက်နှာလေးတစ်ခုကို

အေးငြိမ်းစွာတွေ့လိုက်ရသည်။

ကိုလှဦးရင်ထဲတွင်တော့ အမည်ဖော်မရသော ဝေဒနာ လှိုင်းတစ်ချို့ ဖြတ်သန်းမွှေနှောက် သွားသည်။

"ကိုဆက်မှာ ညီမရှိတယ်လို့ မပြောဖူးပါဘူးဗျာ"

"ဟ…ညီမရှိတာကို လိုက်ကြေငြာနေရင် ကျွန်တော့်ကို ယောက်ဖတော်ချင်သူတွေများနေ မှာပေါ့ ကိုဦးရဲ့"

မင်းသွေးဆက်စကားကြောင့် ကိုလှဦးရယ်သည်။ ဘာမှဆက်မပြောတော့။ ဆီချက်တစ်ပွဲ နှင့် ကျွဲရိုင်းတစ်ဗူးမှာလိုက်သည်။

"ကိုဦးက ပန်းခြံကို တစ်ယောက်တည်းလာတယ်ပေါ့ ဟုတ်လား"

ကိုလှဦးခေါင်းညိတ်သည်။

"ဘာလဲ…သူများအတွဲတွေကို ကြည့်ပြီး အားကျမလို့လား"

"အာ…ဘယ်ကလာ…ဒီနားကဖြတ်အသွားမှာဗိုက်ဆာတာနဲ့ ပန်းခြံထဲမှာဆိုတော့အေးအေး

ဆေးဆေးရှိမှာမို့ ဒီထဲဝင်ခဲ့တာပါ ကိုဆက်ရဲ့"

"ဟုတ်ပါပြီဗျာ…ဟုတ်ပါပြီ… ကျွန်တော့်ညီမလေးနဲ့မိတ်ဆက်ပေးရဦးမယ်…ညီမလေး နာမည်က ခင်ဖြူတဲ့… ကိုးတန်းအောင်ပြီလေ…ခကျောင်းဖွင့်ရင် ဆယ်တန်းတက်တော့မှာပေါ့"

ခင်ဖြူ့မျက်နှာလေးကို ကိုလှဦးစူးစိုက်ကြည့်မိသည်။ ခင်ဖြူ့မျက်နှာလေးမှာ အပြစ်ကင်းစင် ပြီး ဝင်းပဖြူလွနေသည်။

ဒီလိုအကြည့်စူးစူးကြီးများကို ခင်ဖြူရင်ဆိုင်ကြည့်နိုင်စွမ်းမရှိ။ ရေခဲမုန့်ကိုသာ ငုံ့စားနေလိုက် သည်။

"ကိုဆက်ညီမက ငယ်ငယ်လေးရှိသေးတာပဲ"

ခင်ဖြူ့ကိုကြည့်ရင်း သူပြောသည်။

"အဟင်း...ကျွန်တော့်ညီမက အသက်သာငယ်ပေမယ့် အရမ်းလိမ္မာတာဗျ"

ကိုကိုက ခင်ဖြူ့မျက်နှာကို ပြုံးစစကြည့်ရင်းပြောသည်။

ခင်ဖြူက ရှက်ပြုံးလေးပြုံးနေသည်။

"လူပုံကြည့်ကတည်းက အေးဆေးပြီး လိမ္မာမယ်ဆိုတာ သိပြီးသားပါ ကိုဆက်ရဲ့"

"အဟင်း...ကျွန်တော်တို့က ခင်ဖြူ့အကြောင်းချီးမွမ်းခန်းထုတ်နေတာနဲ့ ခင်ဖြူနေရခက်နေ တော့မှာပဲ ကိုဦးရေ"

ကိုကို့စကားကို ခင်ဖြူဘာမှပြန်မဖြေ။ ပြုံး၍ သာ နေသည်။

"ကိုဆက်ရေ...ကိုဆက်ညီမ တက္ကသိုလ်တက်ရင်တော့ ကြည့်ထိန်းပေတော့... ကြိုက်မယ့် သူ ဝိုင်းဝိုင်းလည်နေမှာဗျ"

ကိုလှဦးက ခင်ဖြူ့မျက်နှာလေးကို ငေးကြည့်ရင်းပြောသည်။

"တက္ကသိုလ်တက်ရင်ကို မပြောနဲ့...ခုကတည်းက ကျွန်တော့်ညီမကို ကြိုက်တဲ့သူတွေ များပ့ါဗျာ"

ကိုလှဦးနှင့် မင်းသွေးဆက်မှာ ခင်ဖြူအား ကလေးသဖွယ်ကြည့်ရင်း ခင်ဖြူ့အကြောင်းပြော နေကြသည်။

"ကိုကိုနော်...ခင်ဖြူ့ကိုချည်း ပြောမနေနဲ့ ...ကိုကို့ကိုလည်း ကြိုက်တဲ့သူများနေမှာပဲဟာ"

ခင်ဖြူက ကိုကိုမျက်နှာအား ပြုံးမျက်စောင်းထိုးကြည့်ရင်းပြောသည်။

“ဟာ…ဟုတ်တယ် ခင်ဖြူလေးရေ… ခင်ဖြူတို့မောင်နှမက နှစ်ယောက်စလုံး အချောအလှ တွေချည်းပဲဆိုတော့ နှစ်ယောက်စလုံး ကြိုက်တဲ့သူများနေမှာပဲ…ခင်ဖြူ့အစ်ကိုကို ဒီအတိုင်းပစ်မ ထား နဲ့နော်…တော်ကြာ ခင်ဖြူထက်ချစ်တဲ့သူနဲ့တွေ့သွားလို့ ခင်ဖြူ့အပေါ် အချစ်လျော့သွားဦး မယ်”

ကိုလှဦးက ကျွဲရိုင်းအချိုရည်ကို ပိုက်တံဖြင့်စုပ်သောက်ပြီးပြောသည်။ ခင်ဖြူက ပြုံးမြမြ မျက်နှာထားလေးဖြင့် မင်းသွေးဆက်ကို ကြည့်သည်။

“ဟာ ကိုဦးကလည်း…မဟုတ်တာတွေ ကလေးကို လျှောက်ပြောနေတယ်…တော်ကြာ ခင်ဖြူက တကယ်ထင်ပြီး စိတ်ကောက်နေပါဦးမယ်”

“ကိုဆက်ညီမလေးက စိတ်ကောက်တတ်ပုံ မပေါ်ပါဘူးဗျာ…ဟုတ်လား ခင်ဖြူ… စိတ် ကောက်တတ်လား”

ခင်ဖြူ ဘာမှပြန်မဖြေ။

“စိတ်ကောက်ရင် ရုပ်ဆိုးတတ်တယ်လို့ ကျွန်တော်ပြောထားတယ်လေ… ဒါကြောင့် ခင်ဖြူ စိတ်မကောက်ရဲတာပေ့ါ”

မင်းသွေးဆက်က ခင်ဖြူ့မျက်နှာကို မချိုမချဉ်ပြုံးကြည့်ရင်းပြောသည်။

“ဟေ့ ဟုတ်လား ခင်ဖြူ”

မင်းသွေးဆက်နှင့် လှဦးမှာ ခင်ဖြူအား ကလေးတစ်ယောက်ကို ချစ်စနိုးစနေသည့်ပုံစံဖြင့် နောက်နေကြသည်။

ထိုအချိန်တွင် မင်းသွေးဆက်၏ စိတ်သည်လည်းကောင်း၊ ခင်ဖြူ၏ စိတ်သည်လည်းဖြူစင် နေကြသည်။ မင်းသွေးဆက်သည်လည်း အချစ်ကိုမရှာတတ်သေး။ ခင်ဖြူသည်လည်း အချစ်ကို မသိသေး။ မခံစားတတ်သေး။

အချစ်၏ ခံစားမှုအရသာ၊ အချစ်၏ ညှို့အားမမိခင် အချိန်မှာတော့

လူတို့၏ စိတ်သည် ကြည်ရွှင်ပေါ့ပါးနေသည် မဟုတ်လား။

*

# အခန်း (၃)

နံနက်ခင်းလေးသည် လှပစွာသက်ဝင်လှုပ်ရှားလာသည်။

ဒေါ်ရွှေဥမှာ နံနက်စာအတွက် ပြင်ဆင်နေသည်။

ခင်ဖြူသည်လည်း ဒေါ်ရွှေဥကို ဝိုင်းကူပေးနေသည်။

ပဲပြုတ်၊ ဘဲဥ၊ ပဲသီး၊ ဂေါ်ဖီပန်းတို့ဖြင့် စားချင်စဖွယ် ကြော်ထားသော ထမင်းကြော်နှင့် ကော်ဖီတို့မှာ နံနက်စာစားရန် အရန်သင့်ဖြစ်ပြီ။

ဒေါ်မာလာအေး၊ ဦးစိုးနှင်းနှင့် မင်းသွေးဆက်တို့အား နံနက်စာစားဖို့ခေါ်ရန် ခင်ဖြူစဉ်းစား မိချိန်တွင် ထမင်းစားခန်းသို့ ဒေါ်မာလာအေးရောက်ရှိလာသည်။

ခင်ဖြူ့အား နှစ်လိုစွာပြုံးပြသည်။

ခင်ဖြူသည်လည်း ကြည်စင်သောအပြုံးပွင့်လေးများဖြင့် ပြန်လည်ပြုံးပြလိုက်သည်။

"ခင်ဖြူလေးရဲ့ ပျော်ရွှင်ဖွယ်မွေးနေ့လေးဖြစ်ပါစေ"

ခင်ဖြူ့လက်ကလေးအား ကြင်နာစွာဆုပ်ကိုင်ပြီး ပြောလိုက်သော စကားကြောင့် ခင်ဖြူ အံ့သြသွားရသည်။

ဒေါ်ဒေါ်အေးပြောမှပင် ဤနေ့သည် ခင်ဖြူရဲ့အသက် (၁၇)နှစ်ပြည့်သည့် နေ့လေးမှန်း ခင်ဖြူ သတိရမိသည်။

“လာ ထိုင်…ခင်ဖြူ”

ဒေါ်မာလာအေးက ခင်ဖြူ့လက်ကိုဆွဲပြီး ထမင်းဝိုင်းတွင် အတူထိုင်လေသည်။

“ခင်ဖြူလည်း ဒေါ်ဒေါ်အေးတို့နဲ့အတူနေတာ လေးနှစ်ပြည့်ခဲ့ပြီနော်”

ခင်ဖြူ ခေါင်းညိတ်သည်။

“ဒေါ်ဒေါ်အေးတို့မှာက သမီးမရှိတော့ ခင်ဖြူ့ကို သမီးရင်းလေးတစ်ယောက်လို သဘော ထားတယ်ဆိုတာ ခင်ဖြူခံစား ရရဲ့လား”

“ခံစားရပါတယ်၊ ဒေါ်ဒေါ်အေး…ဒေါ်ဒေါ်အေးတို့ ကျေးဇူးတွေက ခင်ဖြူအပေါ်မှာ ဆပ်မကုန် နိုင်လောက်အောင်များပြားပါတယ်”

ဒေါ်ဒေါ်အေး၏ မျက်နှာအား ခင်ဖြူတကယ်ကျေးဇူးတင်စွာ စိုက်ကြည့်ရင်းပြောသည်။ ဒေါ်ဒေါ်အေး ပြုံးသည်။ ဒေါ်ဒေါ်အေး၏ အပြုံးတွင် ကြင်နာမှုထောင်သောင်းများစွာ ပါဝင်နေမှန်း ခင်ဖြူခံစားရသည်။

“သာယာလှပတဲ့မွေးနေ့လေးဖြစ်ပါစေ ခင်ဖြူ”

ဦးစိုးနှင်းက ပြုံးရွှင်သောမျက်နှာထားဖြင့် ခင်ဖြူ့အား နှုတ်ဆက်သည်။

ခင်ဖြူမှာ ဦးဦးစိုးအား ရွှင်လန်းစွာပြန်လည်ပြုံးပြလိုက်သည်။

“ခင်ဖြူ ချာတိတ်မ…ညည်းတောင် အသက် (၁၇)နှစ်ပြည့်ပြီနော်”

မင်းသွေးဆက်ရောက်လာပြီး ပြောလိုက်ပြန်သည်။

ခင်ဖြူမှာ သူမမွေးနေ့အား အားလုံးက အမှတ်တရ မှတ်မိတာကို သိရ၍ အံ့သြကြည်နူး နေသည်။

သူမအား ဤကဲ့သို့အသေးစိတ်အမှတ်ရနေမှန်း သူမမထင်ခဲ့ပါ။ ခင်ဖြူ့မွေးနေ့ကိုတောင် ခင်ဖြူသတိမပြုမိခဲ့။ ဒေါ်ဒေါ်အေးတို့တစ်မိသားစုလုံးက

သတိပြုမိနေသည်။

ခင်ဖြူမှာ သူမအားဂရုတစိုက်ရှိကြသည်ကိုသိရ၍ များစွာကြည်နူးဝမ်းသာရသည်။ ကျေနပ် ပီတိဖြစ်ရသည်။

“ခင်ဖြူ့လက်ကလေး ခဏပေး”

ဒေါ်ဒေါ်အေးလက်ထဲကို ခင်ဖြူ၏ ဖြူလွသော လက်ကလေး ထည့်ပေးလိုက်သည်။ ဒေါ်ဒေါ် အေးက သူမအသင့်ယူလာဟန်တူသော ရွှေလက်စွပ်မောင်းကွင်းလေးအား ခင်ဖြူ၏ သွယ်လျသော လက်ချောင်းလေးတစ်ချောင်းတွင် စွပ်ပေးလိုက်သည်။

ခင်ဖြူမှာ သူမလက်ချောင်းလေးတွင် လှပစွာစံနေသော မောင်းကွင်းလက်စွပ်လေးကို တစ်လှည့်၊ ဒေါ်ဒေါ်အေးမျက်နှာကိုတစ်လှည့်ကြည့်ရင်း အံ့သြနေသည်။

ခင်ဖြူ့ပုံစံလေးကိုကြည့်ပြီး ဒေါ်ဒေါ်အေးပြုံးသည်။

“ဘာ အံ့သြနေတာလဲ ခင်ဖြူ...အဲဒါ ခင်ဖြူ့အတွက် ဒေါ်ဒေါ်အေးရဲ့မွေးနေ့လက်ဆောင် လေ...ခင်ဖြူလေး အမြဲတမ်းဝတ်ထားနော် သမီး”

ဒေါ်ဒေါ်အေး၏ အေးမြကြင်နာသံပါသော စကားသံက ခင်ဖြူ့ရင်ကို ကြည်နူးချမ်းမြေ့စေ

သည်။

ကျေနပ်ပီတိဖြစ်မှုများသည် ခင်ဖြူ့ရင်ထဲသို့ ငြိမ့်ညောင်းစွာ စီးဝင်လာသည်။ ဦးဦးစိုး၊ ဒေါ်ဒေါ်အေး၊ ကိုကိုတို့၏ အေးမြသော အကြင်နာများအောက်တွင် ခင်ဖြူ့ဘဝလေး ပျော်ရွှင် ငြိမ်းချမ်းရပြီ။

ဦးဦးစိုးက ခင်ဖြူ့အားပြုံးကြည့်ရင်း စာအိတ်တစ်အိတ်ကမ်းပေးသည်။

ခင်ဖြူက စာအိတ် ကိုမယူသေး၊ ကြောင်ကြည့်နေသည်။ ဦးဦးစိုးနှင့် စာအိတ်လေးကို တလှည့်စီကြည့်နေသည်။

“ခင်ဖြူ ဘာကြည့်နေတာလဲ…အဲဒါ ခင်ဖြူ့အတွက်လေ… ခင်ဖြူလိုရာသုံးဖို့ ဦးဦးစိုးပေးတာ ရော့ ယူ”

ခင်ဖြူ လှမ်းမယူသေး။

“ခင်ဖြူ ယူပါ…ခင်ဖြူ့ကို ဖေဖေကမွေးနေ့လက်ဆောင် သဘောမျိုးပေးတာလေ”

မင်းသွေးဆက် ဝင်ပြောမှပင် စာအိတ်လေးကို ခင်ဖြူကမ်းယူလိုက်သည်။

“အဲဒီ ထဲမှာ ငွေသုံးသောင်းပါတယ်နော် ခင်ဖြူ”

ဦးဦးစိုးအား ဂမ်းသာကျေးဇူးတင်သော မျက်နှာလေးနှင့်ခင်ဖြူငေးကြည့်ရင်း ခေါင်းအထပ်ထပ် ညိတ်ပြရှာသည်။

သူမအပေါ်ကောင်းရှာလွန်းသော ကိုကိုတို့မိသားစု၏ ကျေးဇူးမှာ ခင်ဖြူ့အတွက် မေ့မရနိုင် စရာများပင်။

ထမင်းကြော်နှင့် ကော်ဖီများ စားသောက်ပြီးတော့ ခင်ဖြူခြံထဲဆင်းရန် ပြင်လိုက်သည်။

“ဒါက ဘယ်လဲ”

သူမအား မျက်မှောင်ကုပ်ကြည့်ရင်းမေးသည်။

“ဟို…ခြံထဲဆင်းပြီး ပန်းပင်ရေလောင်းမလို့ပါ ကိုကို”

“ဟာ…ဒါ ခင်ဖြူလုပ်စရာမလိုပါဘူး…ခင်ဖြူ့အလုပ်က ခင်ဖြူ့စာသာ ခင်ဖြူသွားကျက်ချေ”

မင်းသွေးဆက်က ခင်ဖြူအား အလုပ်မလုပ်စေလိုသည့် သဘောဖြင့် အိမ်ထဲတွန်းလွှတ် နေသည်။

"အာ..ခင်ဖြူ စာရနေပါပြီ ကိုကိုရဲ့"

"စာရနေလည်း ခင်ဖြူ့ဘာသာ အေးအေးနေပေါ့"

"ဟင်...ဒီတိုင်းနေရမှာ ပျင်းစရာကြီး ကိုကိုရာ...ခြံထဲဆင်းပြီး ပန်းပင်လေးတွေ ရေလောင်း တာ ပျော်စရာကြီး ကိုကိုရ"

မင်းသွေးဆက်မျက်နှာကို မျက်နှာချိုသွေးရင်း ခင်ဖြူပြောသည်။

"မင်းပင်ပန်းမှာပေါ့ ခင်ဖြူရယ်"

"ကိုကိုကလဲကွာ...ခင်ဖြူကမြို့ကသူဌေးသမီးမှမဟုတ်ဘဲ... ခင်ဖြူကတောသူတစ်ယောက် ပါ ကိုကိုရဲ့...ဘာမှပင်ပန်းစရာမရှိဘူး...ပြီးတော့ ရေလောင်းတယ်ဆိုတာကလည်း ပုံးနဲ့ဆွဲလောင်း တာမှမဟုတ်တာ... ပိုက်ကလေးနဲ့ လိုက်ဖြန်းရုံပဲဟာ...မပင်ပန်းပါဘူး"

ခင်ဖြူ ဆင်ခြေပေးနေတာကို ကိုကိုနားထောင်ရင်း ပြုံးလာသည်။

"မမလေး...စကားပြောက ကောင်းပေါ့...ခင်ဖြူ့သဘောအတိုင်းပဲ သွားလောင်း...အဲ ခြံထဲ မှာ အကြာကြီးမနေနဲ့နော်"

"အင်းပါ ကိုကိုရဲ့"

မင်းသွေးဆက်အား ခေါင်းညိတ်ပြပြီး သူရှေ့မှပြေးအထွက်

"ဟေ့...နေဦး ခင်ဖြူ"

ရောက်ရာနေရာမှ ရပ်တန့်လိုက်ပြီး မင်းသွေးဆက်ကို လှည့်ကြည့်သည်။

"ခင်ဖြူပြောနေတာနဲ့တင် ကိုကိုပြောစရာရှိတာတွေတောင် ပြောဖို့မေ့သွားတယ်...လာ ပြန်လာ ဒီနားကို"

မင်းသွေးဆက်အနား ခင်ဖြူလာရပ်သည်။

"ခင်ဖြူ့ကို မွေးနေ့လက်ဆောင်ပေးမလို့ ခင်ဖြူရဲ့"

"ဦးဦးစိုးကလည်း ခင်ဖြူ့ကို မွေးနေ့လက်ဆောင်ပေးတယ်... ဒေါ်ဒေါ်အေးကလည်းပေး တယ် ကိုကိုကလည်းပေးဦးမယ်ဆိုတော့ ခင်ဖြူယူရမှာတောင် အားနာနေပြီ ကိုကို"

အားနာဆိုသည့်စကား ထွက်သွားပြီးမှ သတိပြန်ရပြီး ခင်ဖြူပါးစပ်လေးပိတ်သွားသည်။

ကိုကို၏ ထူထဲသောမျက်ခုံးကြီးနှစ်ဖက် တွန့်ကွေးသွားရသည်။

"ဒီ အားနာဆိုတဲ့စကားပြောပြန်ပြီလား ခင်ဖြူ"

"ဟို...ခင်ဖြူယောင်ပြီးထွက်သွားတာပါ ကိုကို"

ခင်ဖြူက ကိုကို့ကို အားနာဟန်ကြည့်ရင်းပြောသည်။

"ခင်ဖြူ့ကို ကိုကိုဘာပြောထားသလဲ"

ကိုကိုက ခင်ဖြူ့ကိုတည်တည်စူးစူးကြည့်ရင်းမေးသည်။

ကိုကိုမကြိုက်တာပြောမိ၍ အပြစ်လုပ်မိသော ကလေးတစ်ယောက်ကဲ့သို့ ခင်ဖြူ့ခေါင်း လေး ငုံ့လျှိုးသွားသည်။

ကိုကိုအား မဝံ့မရဲဟန်လေးဖြင့် မျက်လုံးလှန်ကြည့်ရင်း တိုးလျသော အသံလေးဖြင့် ပြန်ဖြေ သည်။

"ဟို အားနာတယ်ဆိုတဲ့ စကားမပြောနဲ့လို့ ...ကိုကိုပြောတယ်...ဟိုလေ ခင်ဖြူက ကိုကိုတို့ ကို အားနာတယ်လို့ပြောမိတာက သူစိမ်းဆန်ပြီး... သူစိမ်းလိုသဘောထားပြီးပြောတာ မဟုတ်ပါဘူး ကိုကို"

သူအား မပံ့ရဲဟန်လေးဖြင့်ကြည့်ရင်း တိုးလျလျအသံလေးဖြင့်

ရှင်းလင်းပြောကြားနေသော ခင်ဖြူ့ကို မင်းသွေးဆက် ငေးကြည့်နေမိသည်။ သူမ၏ တိုးလျှလျှအသံလေးကိုလည်း နားစိုက် ထောင်နေမိသည်။

"ကိုကိုတို့မိသားစုဟာ ခင်ဖြူ့အပေါ် အရမ်းကောင်းလွန်းပါတယ် ကိုကို...ခင်ဖြူ့အပေါ်ကို အပေါ်ယံဒြပ်ဝတ္ထုတွေ ပြည့်စုံအောင် ဖြည့်စည်းပေးလို့ ကျေးဇူးတင်တယ်...ကောင်းလွန်းပါတယ်လို့ ပြောတာ မဟုတ်ပါဘူး ကိုကိုရယ်... ကိုကိုတို့ မိသားစုဟာ ခင်ဖြူ့အပေါ်မှာ အေးမြနွေးထွေးတဲ့ မေတ္တာမြောက်များစွာကို ဖြူစင်စွာပေးလို့ ခင်ဖြူက ရင်ထဲကလာတဲ့ ကျေးဇူးတင်ပါတယ်ဆိုတဲ့ စကားဆိုမိတာ...မေတ္တာတွေကို ပြည့်စုံစွာပေးတဲ့အပြင် အသုံးအဆောင်ပစ္စည်းဆိုရင်လည်း ခင်ဖြူ တောင်းစရာမလိုဘူး...ကိုကိုတို့က အသင့်ဖြည့်ဆည်းပြီး ဖြစ်ဖြစ်နေတော့ ခင်ဖြူရင်ထဲကလာတဲ့ တကယ်ပြောမိတဲ့စကားကို ဆိုမိတာပေ့ါ ကိုကို"

သူမစကားကို စူးစိုက်နားထောင်နေသော ကိုကို့မျက်နှာကို တစ်ချက်ကြည့်ပြီး ခင်ဖြူ ဆက်ပြောသည်။

"ခင်ဖြူပြောတဲ့ အားနာတယ်...ကျေးဇူးတင်တယ် ဆိုတဲ့စကားလုံးလေးက သာမန်လော ကွတ်သဘောမျိုးနဲ့ လောကဝတ်အရပြောတဲ့စကားလုံး မဟုတ်ပါဘူး ကိုကို...ကိုကိုတို့ရဲ့ကျေးဇူး တွေကို တကယ်ခံစားရလွန်းလို့ ရင်ထဲက ခုန်ထွက်လာတဲ့ ရင်တွင်းစကားစစ်စစ်မှန်မှန်တွေပါ ကိုကိုရယ်... သူစိမ်းဆန်တာမဟုတ်ပါဘူး... ကိုကိုတို့မိသားစုက ခင်ဖြူ့အပေါ် သွေးသားရင်းချာ တစ်ယောက်လို သဘောထားသလို ခင်ဖြူကလည်း ကိုကိုတို့မိသားစုကို ခင်ဖြူရဲ့သွေးသားတွေ လိုပဲ ရင်ထဲက ခံစားသဘောထားတာပါ ကိုကိုရယ်"

ခင်ဖြူ့စကားများကို နားထောင်ပြီး မင်းသွေးဆက် မျက်နှာပြုံးရွှင်လာသည်။ ခင်ဖြူ၏ ခေါင်း လေးကို ချစ်စနိုးဟန်ဖြင့် လှမ်းပုတ်လိုက်သည်။

“ခင်ဖြူရယ်…မင်းဟာလေ သိပ်စကားပြောကောင်းတဲ့ မိန်းကလေးပဲ… လူတစ်ယောက် စိတ်ပြေအောင် စိတ်ညွတ်နူးအောင် ပြောနိုင်စွမ်းရှိတဲ့မိန်ကလေးပဲ”

ခင်ဖြူ့မျက်နှာကို ပြုံးကြည့်ရင်း ပြောသည်။

“သူများစိတ်ပြေအောင် စိတ်ညွတ်နူးအောင် တမင်လုပ်ကြံပြောဆိုတဲ့ လျှာဖျားကလာတဲ့ စကားတွေလည်း မဟုတ်ဘူး ကိုကို…အခု ခင်ဖြူ ပြောခဲ့တဲ့စကားတွေအားလုံးက ခင်ဖြူ့ရင်ထဲက တကယ်လာတဲ့ ခံစားမှုစစ်စစ်တွေပါ ကိုကိုရယ်”

ထပ်ကွန့်ပြီးပြောလိုက်တဲ့ ခင်ဖြူ့စကားကြောင့် မင်းသွေးဆက် ဟန်မဆောင်နိုင်စွာ တဟားဟားအော်ရယ်တော့သည်။ ရယ်နေရင်းကပင်

“ခင်ဖြူ..ခင်ဖြူ..မင်းဟာလေ တကယ့်ကောင်မလေးပဲ… စကားပြောကောင်းပါတယ်ဆိုမှ ထပ်ပြီးမိကျောင်းမင်း ရေခင်းပြနေတယ်… ကိုကိုတောင် ခင်ဖြူ့လောက် မပြောတတ်ဘူး”

“တကယ့်ခံစားချက်ရှိတဲ့လူတစ်ယောက်ဟာ ပြောမယ့် စကားတွေကို အစီအစဉ်အကွက်ချ ပြီးပြောစရာ မလိုပါဘူး…ခံစားချက်တွေဟာ စကားလုံးအဖြစ် တရစပ်ပြောင်းလဲထွက်သွားမှာပါ ကိုကို”

“ကဲ…စကားတောင်စားမလေး…မင်းနဲ့ကိုကို စကားပြိုင်မပြောနိုင်ဘူး… သူ့စကားနားထောင် နေရတာ နဲ့ ဆေးရုံသွားဖို့တောင် ဘာမှမပြင်ဆင်ရသေးဘူး… လာမွေးနေ့လက်ဆောင်လိုက်ယူ”

မင်းသွေးဆက်အနောက်မှ ခင်ဖြူလိုက်ပါလာသည်။

မင်းသွေးဆက်က သူ့အခန်းထဲဝင်သွားသည်။ ခင်ဖြူပါလိုက်ဝင်ခဲ့သည်။ မင်းသွေးဆက် ဗီရိုဖွင့်လိုက်သည်။

ဗီရို ဒုတိယဆင့်မှ ဗူးတစ်ဗူးယူလိုက်သည်။

"ရော့ ခင်ဖြူ"

ခင်ဖြူကမ်းယူလိုက်သည်။

"ဖွင့်ကြည့်"

ဗူးလေးကို ဖွင့်ကြည့်လိုက်သည်။

"ဟယ် လှလိုက်တာ ကိုကိုရယ်"

မျက်တောင်ထူထဲထဲများ ဝန်းရံထားသော မျက်လုံးတောက်တောက်ကလေးနှင့် လှပချစ် စဖွယ် ကောင်းသော ဘိုမရုပ်ကလေးကို တွေ့လိုက်ရသည်။

ခင်ဖြူက အရုပ်ကလေးကို ယုယမြတ်နိုးစွာ ကိုင်တွယ်ကြည့်ရှုနေသည်။

"အရုပ်ကလေးကို ကြမ်းပြင်ပေါ်ချလိုက် ခင်ဖြူ"

မင်းသွေးဆက်ပြောသည့်အတိုင်း အရုပ်ကလေး၏ မျက်လုံးများ တောက်လာသည်။ အရုပ်ကလေး၏ နားကပ်နှစ်ခုမှ မီးပွင့်လေးများဖြစ်သွားပြီး အရုပ်ကလေးကိုယ်မှ သာယာငြိမ့် ညောင်းဖွယ် သီချင်းသံလေးထွက်ပေါ်လာသည်။

သီချင်းသံလေးနှင့်အတူ အရုပ်ကလေးမှာ လှပစွာ ကနေတော့သည်။

"ဟယ်...ချစ်စရာကောင်းလိုက်တာ ကိုကိုရယ်... ချစ်ဖို့ကောင်းလိုက်တာ"

ခင်ဖြူမှာ အရုပ်ကလေးကိုကြည့်ရင်း သဘောကျနေသည်။

"ခင်ဖြူကြိုက်လား"

"ကြိုက်တယ်ကိုကို...အရမ်းကြိုက်တယ်...ကိုကို့ကို ခင်ဖြူအရမ်းကျေးဇူးတင်သွားပြီ"

ကျေးဇူးဆိုသည့်စကားကို ခင်ဖြူ့နှုတ်မှ ထွက်သွားပြန်သည်။

မင်းသွေးဆက်က အပြုံးမျက် နှာထားနှင့် မျက်မှောင်ကုပ်ကြည့်ရင်း

“ဘယ်လောက်ပြောပြော ကျေးဇူးဆိုတဲ့စကားကို တွင်တွင်သုံးနေတာပဲ…ပြောမရလည်း သုံးပေတော့”

မင်းသွေးဆက်ပြောတော့ ခင်ဖြူပြုံးသည်။

“ရင်ထဲကလာတာ ကျေးဇူးတင်ခြင်းတရားနဲ့ စစ်မှန်စွာကျေးဇူးတင်ခြင်းပါ ကိုကို ရယ်…သူစိမ်းမှပြောတာ မဟုတ်ပါဘူး… မောင်နှမချင်း၊ သားအမိချင်းလည်း ကျေးဇူးတရားကို ခံစားနားလည်စွာနဲ့ ထုတ်ဖော်ပြောကြားခွင့်ရှိပါသေးတယ်”

ခင်ဖြူဆင်ခြေပေးတာကို ကိုကိုဘာမှပြန်မပြောတော့။

ခင်ဖြူလည်း အရုပ်ကလေးကို ကိုင်ကြည့်လိုက်၊ ကြမ်းပြင်ပေါ်ချလိုက်နှင့် အလုပ်ရှုပ်နေ သည်။

“ဟော့ ကောင်မလေး…အရုပ်ဝယ်ပေးမိမှားပြီနဲ့တူတယ်…အရုပ်ကလေး အနားမနေရတော့ ဘူး…ပင်ပန်းနေပြီ”

သာယာငြိမ့်ညောင်းသော တေးဂီတနှင့်အတူ ကလျက်ရှိနေသော အရုပ်ကလေးကို လက်ညှိုး ထိုးပြရင်း မင်းသွေးဆက် ပြောသည်။

ခင်ဖြူက ရှက်ပြုံးလေးပြုံးရင်း အရုပ်ကလေးကိုကောက်ယူလိုက်ပြီး ဗူးထဲပြန်ထည့်လိုက် သည်။ ပြီးတော့ သူမအားငေးကြည့်နေသော မင်းသွေးဆက်ကိုကြည့်လိုက်ပြီး

“ကိုကို ဂျူတီချိန်နီးပြီနော်…ဘာလဲ…ဒီနေ့ ဆေးရုံမသွားတော့ဘူးလား”

“အဲ”

ခင်ဖြူ သတိပေးမှပင် ဆေးရုံသွားဖို့ မင်းသွေးဆက် သတိရမိသည်။

"ဟာ သွားရမယ် ခင်ဖြူ…သွားရမယ်"

"ဒါဆို ဆေးရုံသွားဖို့ ကိုကိုပြင်ဆင်တော့…ခင်ဖြူလည်း ဒီနေ့ ပန်းပင်ရေမလောင်းတော့ဘူး …ကိုကိုပေးတဲ့ အရုပ်ကလေးနဲ့ သွားဆော့တော့မယ်"

ကိုကို့အားပြုံးပြပြီး ကိုကို့အခန်းထဲမှ ထွက်ရန် ပြင်လိုက်သည်။

"ဟ ခင်ဖြူ…နေဦး…နေဦး…ကိုကို့ အင်္ကျီနဲ့ဘောင်းဘီလေး မီးပူတိုက်သွားပေးပါဦးလား"

ခင်ဖြူ လက်ကိုကပျာကယာလှမ်းဆွဲရင်း ပျာပျာသလဲပြောသည်။ ပျာယာခတ်နေသော ကိုကို့ကို ခင်ဖြူမျက်စောင်းထိုးကြည့်ရင်း

"ကိုကိုတို့ကတော့ သွားခါနီး လာခါနီး ဆိုဖြစ်ပြီ…ဘယ်တော့မှ ကြိုမလုပ်ထားဘူး…ဟို စကားပုံလိုဖြစ်နေပြီ"

"ဘယ်စကားပုံမျိုးလဲ"

သိချင်ဟန်ဖြင့်မေးတော့ ခင်ဖြူပြုံးသည်။

"ဟိုလေ…ဘာတဲ့ အိမ်သာတက်ချင်မှ အိမ်သာကျင်းတူး ဆိုတဲ့စကားပုံပေါ့"

ကိုကို့မျက်နှာကြီး ရှုံ့မဲ့သွားသည်။

"ဟာ…ခင်ဖြူကလည်းကွာ…ပြောပြီမဟုတ်တာ…လာပါ လာပါ စကားများမနေနဲ့…မီးပူ အရင်တိုက်ပေးဦး…ပြီးမှ အရုပ်နဲ့ဆော့ချင်ရင်သွားဆော့တော့နော် သိလား"

ခင်ဖြူ ခေါင်းညိတ်ပြလိုက်သည်။

ကိုကို့အင်္ကျီတွေကို မီးပူတိုက်ပေးလိုက်သည်။

သူလိုတဲ့အင်္ကျီတိုက်ပြီးသည်နှင့် အင်္ကျီလဲပြီး မင်းသွေးဆက်

ထွက်သွားတော့သည်။

ခင်ဖြူလုပ်ကတော့ လုပ်စရာရှိတာတွေကို ဆက်လုပ်နေသည်။

ခန်းဆီးအသစ်လဲသည်။

အခန်းရှင်းသည်။

အိပ်ရာခင်းလဲသည်။

ပန်းအိုးထိုးသည်။

အဝတ်ဟောင်းများ လျှော်သည်။

အားလုံးလုပ်ပြီးတော့ နေ့လယ်ထမင်းစားချိန်ရောက်ခဲ့ပြီ။

ထမင်းစားသောက်ပြီးသည်နှင့် ခင်ဖြူအားသွားပြီ။ သူမအခန်းထဲဝင်သွားပြီး အရုပ်ကလေး ကို မြတ်နိုးစွာကြည့်နေမိသည်။

ဒေါ်ဒေါ်အေးပေးထားသော လက်စွပ်လေးကိုတစ်လှည့်၊ ကိုကိုပေးထားသောအရုပ်ကလေး ကို တစ်လှည့်ကြည့်ရင်း ခင်ဖြူစိတ်အစဉ်များမှာအတိတ်သို့ ပျော်ပါးညင်သာစွာရောက်ရှိသွားသည်။

*

## အခန်း (၄)

"တုံ တုံ တုံ တုံ"

ရွာဦးကျောင်းမှ အုန်းမောင်းခေါက်သံနှင့်အတူ ခင်ဖြူနိုးထလာသည်။ အိပ်ရာဘေးတွင် အသင့်ထားထားသော မီးခြစ်ကိုစမ်းယူပြီး ခြင်ထောင်ပြင်ထွက်လိုက်သည်။

မီးခြစ်ဗူးထဲမှ မီးခြစ်ဆံတစ်ဆံထုတ်ယူပြီး ယမ်းသုတ်ထားသောဗူးခွံနှင့် ခြစ်လိုက်သည်။

'စစ်'ခနဲ အသံတစ်ချက်မြည်ပြီး မီးငြိမ်းသွားသည်။

နောက်တစ်ဆံထုတ်ပြီး ခြစ်လိုက်ပြန်သည်။

"ရှဲ"

ဒီတစ်ခါတော့ မီးတောက်သွားသည်။

မီးခြစ်ဆံအလင်းရောင်ဖြင့် မီးခွက်ကို ရှာလိုက်သည်။

မီးခွက်ကလေးက သူမစာအုပ်များဘေးတွင် ငြိမ်သက်စွာ။

မီးစာလေးမှာ မီးညှိလိုက်ပြီး တိုလာသောမီးခြစ်ဆံကို မီးငြိမ်းလိုက်သည်။

မီးခြစ်ဆံလေးကို လွှင့်ပစ်လိုက်ပြီး မီးခွက်ကလေးကို မြှောက်ကိုင်ကာ နောက်ဖေးဘက်သို့ ခြေဖော့နင်းပြီးထွက်ခဲ့သည်။

အိမ်ကြမ်းခင်းမှာ ဝါးခင်းဖြစ်၍ နင်းလိုက်တိုင်း တဂျွတ်ဂျွတ် အသံထွက်နေသည်။

နောက်ဖေးရောက်ခါနီး မှ ဖေဖေ့ကိုသတိရမိပြီး အိမ်ရှေ့ဖက်လျှောက်လာသည်။

စစ်ခြင်ထောင်အဟောင်းထဲမှ ဖေဖေသည် နှစ်ခြိုက်စွာ အိပ်မောကျနေဟန်တူသည်။ ဟောက်သံများပင် ထွက်နေသည်။

ခင်ဖြူ အသာလေး ပြန်လှည့်ထွက်ခဲ့သည်။

နောက်ဖေးကပြင်အရောက်တွင် မီးခွက်ကလေးကို အမြင့်တစ်နေရာတွင် တင်ထားလိုက် သည်။

ဝါးတိုင်ပြတ်ပေါ်တွင် ချိတ်ထားသော အနည်းငယ်တွန့်နေပြီဖြစ်သော ဒန်ဖလားကို လှမ်းယူ လိုက်သည်။ ဖာရာထေးရာများပြည့်နှက်နေသော စည်ပိုင်းပြတ်ထဲမှရေနှင့် မျက်နှာသစ်လိုက်သည်။

ခင်ဖြူ့အတွက် သွားတိုက်ဆေးက မီးသွေးပင်။

မျက်နှာသစ် သွားတိုက်ပြီးသည်နှင့် ထမင်းတစ်အိုး အရင်တည်လိုက်သည်။

ထမင်းကျက်သည်နှင့် ရေနွေးဆက်တည်လိုက်သည်။

ခင်ဖြူ ရေနွေးအိုးဆူချိန်တွင် ဖေဖေ၏ ချောင်းဟန့်သံကို ကြားလိုက်ရသည်။ မီးဖိုလျှော့ခဲ့ပြီး မီးခွက်ကလေးကိုင်ကာ ဖေဖေ့ဆီ အပြေးလေးလာခဲ့သည်။

"ဖေဖေ နိုးပြီလားဟင်"

မီးခွက်ကလေးကို အမြင့်တွင်တင်ထားလိုက်ပြီး ဖေဖေ့ခြင်ထောင်ဘေးတွင် ဒူးထောက် ထိုင်ချကာ ခင်ဖြူမေးလိုက်သည်။

“နိုးပြီ သမီး”

“ဒါဆို ခင်ဖြူ ခြင်ထောင်သိမ်းလိုက်တော့မယ်နော်”

“အင်း”

ခြင်ထောင်ကြိုးဖြုတ်လိုက်ပြီး ခြင်ထောင်ကို သေသပ်စွာ ခေါက်လိုက်သည်။

“ဖေဖေ မျက်နှာသစ်တော့မလား”

“ပြီးမှပဲသစ်မယ် ခင်ဖြူ...ဟို ညကပုလင်းကျန်သေးလား မသိဘူး”

ဖေဖေ့မျက်နှာကို တစ်ချက်စိုက်ကြည့်လိုက်သည်။

ခင်ဖြူ့အကြည့်ကို မခံနိုင်စွာ ဖေဖေခေါင်းငုံ့သွားသည်။ ဒီလိုကျပြန်တော့လည်း ဖေဖေ့ကို ခင်ဖြူသနားသွားရသည်။

တစ်ဝက်ကျန်နေသေးသော အရက်ပုလင်းကို ယူပေးလိုက်သည်။ ပုလင်းဖြင့် ထည့်ထား သော ပဲကြီးလှော်ကို ပန်းကန်ပြားထဲ ထည့်ပေးလိုက်သည်။

ရေဖန်ခွက်ကိုလည်း အသင့်ချထားပေးလိုက်သည်။

စကားမဆိုဘဲ လုပ်ကိုင်ပေးနေသည့် ခင်ဖြူ့မျက်နှာလေးကိုငေးကြည့်ရင်း ဖေဖေမျက်ရည် ဝဲနေမှန်း ခင်ဖြူသိပါသည်။

မသိဟန်ဆောင်ရင်း လုပ်ပေးစရာရှိသည်တို့ကို လုပ်ပေးလိုက်သည်။ ဖေဖေ့အတွက်ပြင်ဆင်

ပြီးသည်နှင့် နောက်ဖေးသို့ ပြန်လာခဲ့သည်။

မီးထပ်မွှေးပြီး မနေ့ကကျန်သော ထမင်းကြမ်းကို ဆီအနည်းငယ်ဖြင့် လှိမ့်ကြော်လိုက် သည်။ ဖေဖေ့အတွက် တစ်ပန်းကန်ထည့်ပေးပြီး ကျန်တာကို သူမစားလိုက်သည်။

အိုးခွက်များဆေးကြောပြီးသည်နှင့် ထရံတွင် ချိတ်ထားသော ဗန်းလေးကိုယူပြီး အိမ်ရှေ့ ပြန်ထွက်လာသည်။

"ဖေဖေ"

အရက်ငှဲ့နေသော ဖေဖေ့ကို ခေါ်လိုက်သည်။

ဖေဖေမော့ကြည့်သည်။

"သမီး အကြော်သွားယူတော့မယ်နော်"

ဖေဖေခေါင်း ညိတ်သည်။

"ငါ့သမီးလေးလည်း ပင်ပန်းလှပါပြီကွယ်"

တုန်ယင်အက်ကွဲနေသော ဖေဖေ့အသံကို မကြားဟန်ပြုရင်း အကြော်ဖောက်သည်ယူရန် အကြော်တဲသို့ ခင်ဖြူထွက်ခဲ့သည်။

ခင်ဖြူအကြော်ယူပြီးချိန်တွင် ရောင်ခြည်သန်းစပြုနေပြီ။ အကြော်ကုန်အောင် တစ်လမ်းဝင်၊ တစ်လမ်းထွက် လှည့်ရောင်းနေရသည်။

"အကြော်စုံပူပူလေး...အကြော်စုံ"

"ဟောဒီက အကြော်ယူကြဦးမလား"

အကြော်တစ်ခုရောင်းရဖို့အရေး အသံပြာမတတ်အော်ရောင်းနေရသည်။ ကျော့မော့လှပစွာ သွားလာနေကြသော သက်တူရွယ်တူများကို မငေးအား။ အကြော်ကုန်ဖို့ကိုပဲ စိတ်သန်နေသည်။

"အကြော်စုံ...ဟောဒီက အကြော်စုံပူပူလေး"

"စားကြဦးမလား အကြော်စုံ"

အကြော်တဖြည်းဖြည်းကုန်လာမှပင် ခင်ဖြူသက်ပြင်းချနိုင်သည်။

အရင်းကျေမှ အမြတ်ကျန်မည်။

အမြတ်ကျန်မှ သူမတို့သားအဖအတွက် အဆင်ပြေမည်။

အကြော်များများကုန်လေ ဖေဖေ့အတွက် ပုလင်းဖိုးရမည့်အပြင် သူမအတွက်လည်း လိုအပ်သော ကျောင်းသုံးပစ္စည်းများကို ဝယ်နိုင်မည်။

အကြော်အားလုံးကုန်တော့ နေအတော်မြင့်ခဲ့ပြီ။

ဟင်းချက်စရာဝယ်ခဲ့ပြီး အိမ်ပြန်ခဲ့သည်။

အိမ်ရောက်တော့ အိပ်ရာထဲပြန်လှဲနေသော ဖေဖေက ဆီးကြိုနေသည်။ ဖေဖေ့ကို စိတ် မသက်သာစွာ တစ်ချက်ကြည့်ရင်း ဟင်းချက်စရာများကို ချက်ပြုတ်လိုက်သည်။

ဟင်းချက်ပြီးတော့ လျှော့နေပြီဖြစ်သော စည်ပိုင်းထဲသို့ ရေဆွဲတည့်ရပြန်သည်။ ရေဆွဲပြီး သည်နှင့် ရေပါတစ်ခါတည်း ချိုးလိုက်သည်။

သနပ်ခါးလူးပြီးသည်နှင့် ကျောင်းဝတ်စုံအဖြူအစိမ်းလေးကို လဲလိုက်သည်။

ကော်ထမင်းဗူးထဲ ထမင်းဟင်းထည့်လိုက်ပြီး လက်သုတ်ပုဝါကြမ်းဖြင့် စည်းနှောင်လိုက် သည်။

ဖေဖေ့အတွက်လည်း ထမင်း၊ ဟင်းကို အသင့်ခူးခပ်ထည့်ခဲ့ပြီး စကာနှင့်အုပ်ထားလိုက် သည်။

လွယ်အိတ်ထဲ စာအုပ်ပြည့်စုံစွာထည့်ပြီးသည်နှင့် လွယ်အိတ်ကလေးလွယ်၊ ထမင်းဗူးလေး ကိုကိုင်ပြီး အိမ်ရှေ့ထွက်ခဲ့သည်။

လှဲလျောင်းနေရာမှ ဖေဖေခေါင်းထောင်ကြည့်သည်။

"ခင်ဖြူကျောင်းသွားတော့မယ် ဖေဖေ…ဖေဖေ့အတွက် ထမင်းနဲ့ဟင်း

အသင့်ထည့်ခဲ့တယ် ဆာရင် ထစားနော် ဖေဖေ”

ဖေဖေလေးတွဲစွာ ခေါင်းညိတ်ပြသည်။

ဖေဖေ့ကိုတစ်ချက်ကြည့်ပြီး ခင်ဖြူကျောင်းလာခဲ့သည်။

အကြော်ရောင်းရခြင်းအလုပ်မှာ ခင်ဖြူ၏ နစ္စဓူဝအလုပ်ပင်။ မိုးလင်းသည်နှင့် အကြော်ဗန်း လေး ခေါင်းပေါ်တင်ပြီး လမ်းတကာလှည့်ရောင်းရမြဲ။

ဥပုသ်နေ့များ၊ ကျောင်းပိတ်ရက်များဆိုရင်တော့ မနက်ပိုင်း အကြော်ရောင်းပြီးသည်နှင့်

ကျိုက်မော်ဝန်းရေလယ်ကျောက်တန်းဘုရားမှာ ခင်ဖြူပေါက်ပေါက်ထုပ်များ၊ အမွှေးတိုင်များ၊ ဖယောင်းတိုင်များ ရောင်းသည်။

ပေါက်ပေါက်ထုပ်ရောင်းတာ ကိုယ့်အတွက်ကျန်သော်လည်း အလုအယက်ရောင်းရ၍ အချင်းချင်း မကြာခဏ ရန်ဖြစ်ကြရသည်။

ခင်ဖြူမှာ အေးအေးနေတတ်သူတစ်ယောက်မို့ ရန်ကိုမလိုလား။ ကိုယ့်ဆီလာဝယ်မှသာ ရောင်းသည်။ ဘုရားဖူးထံ သွားပြီး အလုအယက်မရောင်း။

ဘုရားဖူးများကလည်း အတင်းရောင်းချတာကို မနှစ်သက်ပုံရသည်။

အေးဆေးစွာရပ်နေသော ခင်ဖြူ့ထံမှာသာ အဝယ်များကြသည်။ ခင်ဖြူမှာ ပေါက်ပေါက်၊ အမွှေးတိုင်၊ ဖယောင်းတိုင် ကုန်သည်နှင့် ပွဲချိတ်များရှိရာသို့ လာခဲ့သည်။

ခင်ဖြူကိုမြင်သည်နှင့် ပွဲချိတ်မောင်းသော ဦးလှကလေးမှာ လှမ်းအော်ခေါ်တတ်သည်။

“ဟေ့ ကလေးမ…ဘလှလေးက ဒီမှာဟေ့”

“လာပြီ ဘလှကလေးရေ”

ခင်ဖြူမှာ ဦးလှကလေးမောင်းသော ပဲ့ချိတ်တွင် အခမဲ့စီးပြီး အခြားခရီးသည်များနည်းတူ ရေလယ်ဘုရားကြီးအားဖူးလေ့ရှိသည်။

ဦးလှကလေးမှာ ခင်ဖြူ့ဘဂအား အလွန်သနားသည်။

ခင်ဖြူ့ကိုလည်း သူ၏ မြေးသဖွယ် အလွန်ချစ်သည်။

ခင်ဖြူ့အား ရေလယ်ဘုရားသို့ အသွားအပြန် အခမဲ့ပို့ပေးသည့်အပြင် ရံဖန်ရံခါတွင်လည်း ခင်ဖြူ့အတွက် မုန့်များ ဝယ်ပေးလေ့ရှိသည်။

ဦးလှကလေးမှာ ငွေကြေးဆင်းရဲသော်လည်း စေတနာ၊ မေတ္တာ မဆင်းရဲ။ ကိုယ်ချင်းစာ တရားများမှာ ဦးလှကလေး၏ သွေးတိုင်းတွင် နေရာယူထားသည်။

ဦးလှကလေးမှာ ဖခင်မုဆိုးဖိုကြီးအား အရွယ်နှင့်မမျှအောင် လုပ်ကျွေးနေရရှာသော ခင်ဖြူ့ ကိုအလွန်သနားသည်။ သူတတ်နိုင်သရွေ့လည်း ခင်ဖြူ့ကို ထောက်ပံ့ရှာသည်။

စေတနာရှိလွန်း၍ သာ ပေးသော်လည်း ဦးလှကလေးမှာက ပိုလျှံသူမဟုတ်၍ ခင်ဖြူမယူ ရက်။ ဆယ်ခါပေးရင် သုံးလေးခါလောက်သာ ခင်ဖြူယူတတ်သည်။

ဦးလှကလေးတွင် အသက်ရှစ်နှစ်အရွယ်နှင့် အသက်ဆယ်နှစ်အရွယ်ရှိ မြေးစားသား နှစ်ယောက်ရှိသည်။

မြေးစားသားနှစ်ယောက်မှာ ခရီးသည်များ ပဲ့ချိတ်ပေါ်သို့ အဆင်ပြေစွာတက်နိုင်ရေးအတွက် ပဲ့ချိတ်ကို တည်ငြိမ်အောင် ဆွဲပေးရသည်။

ထိုသို့ဆွဲပေးခအဖြစ် ဘုရားဖူးများက ငွေအနည်းငယ်ပေးကမ်းလေ့ရှိသည်။

ခင်ဖြူမှာ ထိုသို့ဆွဲနေရရှာသော သူမထက်ငယ်ရွယ်သော

ကလေးငယ်များကိုကြည့်ရင်း သနားနေမိသည်။

သူမကိုယ်တိုင်ကမူ မိမိဈေးရောင်းရငွေနှင့် ကျောင်းနေနိုင်သေးသည်။ သူတို့ကလေးတွေ ကမူ စာသင်ကျောင်းထဲတောင်မှ ဝင်ဖူးဟန်မတွေ့။

ခင်ဖြူမှာ ကျိုက်မော်ဝန်းဘုရားကြီးကို ကန်တော့တိုင်း

“ဆင်းရဲသားများ အဆင်ပြေပါစေ၊ ဆင်းရဲသားကလေးသူငယ်တိုင်း ကျောင်းနေနိုင်ပါစေ၊ စာဖတ်တတ်ပါစေ၊ ခင်ဖြူကိုယ်တိုင်လည်း အဆင်ပြေစွာနေနိုင်ပါစေ”

လို့မပြတ်ဆုတောင်းခဲ့သည်။

ခင်ဖြူဆုတောင်းသော နောက်တစ်ဆုရှိသေးသည်။ ထိုဆုကတော့

“ဖေဖေအရက်ဖြတ်ပြီး ခင်ဖြူနှင့်ပျော်ရွှင်စွာနေနိုင်ပါစေ” ဆိုသည့် ဆုတောင်းလေးပင်။

ခင်ဖြူ့ဖခင် ဦးကြီးမောင်နှင့် ခင်ဖြူ့မိခင် ဒေါ်ခင်ဆွေရှိစဉ်ကတော့ အလွန်တရာအားကိုး ထိုက်သော ခင်ပွန်းကောင်းတစ်ယောက်ပင်။

ဦးကြီးမောင်နှင့် ဒေါ်ခင်ဆွေမှာ နှစ်ဦးနှစ်ဖက်စုံမက်၍ လက်ထပ်ခဲ့ကြသည်။မောင်တစ်ထမ်း၊ မယ်တစ်ရွက်ဖြင့် ဘဝခရီးကို အဆင်ပြေစွာလျှောက်လှမ်းခဲ့ကြသည်။

ခင်ဖြူ့ကို မွေးပြီးချိန်တွင်တော့ ဦးကြီးမောင်အနည်းငယ် ဖွေဖောက်လာသည်။

အပျင်းပြေပေါ့ကွာ၊ အပေါင်းအသင်းကောင်းလို့ပါဆိုပြီး တစ်ခွက်တစ်ဖလားမော့တတ်လာ

သည်။ အလုပ်ကိုလည်း အရင်လို လက်ကြောတင်းအောင်အမလုပ်တော့။

ဒေါ်ခင်ဆွေသာလျှင် ရှန်းကန်လှုပ်ရှားရတော့သည်။

တစ်အိမ်လုံးတာဝန်မှာ ဒေါ်ခင်ဆွေ့ခေါင်းတွင်းသာ ကျတော့သည်။ ဦးကြီးမောင်မှာ အိမ်မှာ တော့ ပုလင်းမထောင်တတ်သေး။

ဆိုင်မှာ (သို့မဟုတ်) သူငယ်ချင်းအိမ်များတွင်သာ လှည့်ပတ်သောက်နေသည်။

အရက်မသောက်ရန် ဒေါ်ခင်ဆွေတားသည်။

"အရက်သောက်တာ မကောင်းဘူးတိုတာ ငါသိပါတယ် ခင်ဆွေရယ်... အခုသောက်တာက တစ်ခါတလေပါကွာ"

"တစ်ခါတလေနဲ့ အရက်စွဲသွားတာ တစ်ပုံကြီးပဲ ကိုမောင်"

ဒေါ်ခင်ဆွေ ဖြောင်းဖျသည်။

ဦးကြီးမောင်က ဆင်ခြေပေးသည်။

"အရက်စွဲအောင် မသောက်ပါဘူး ခင်ဆွေရယ်...စိတ်သာချပါ... အရက်သောက်တာ မကောင်းဘူး...တစ်အချက် ပိုက်ဆံပိုကုန်တယ်...နှစ်အချက် အရက်ရဲ့ပူရှတဲ့အရသာကို ခံစားရ တယ် ...သုံးအချက် ကိုယ်က အရက်သောက်မိလို့ ကိုယ့်အတွက်နဲ့ မိသားစုစိတ်ဆင်းရဲရတယ်... လေးအချက် အရက်သောက်ပါများတော့ အရက်စွဲပြီး အရက်သမားလုံးလုံး ဖြစ်ရတယ်... ငါးအချက် အရက်သမားမို့ လူကောင်းတွေသိပ် မပေါင်းချင်ဘူး... အရက်သမားအတွက် မိတ်ဆွေစစ်တိုတာ နည်းသွားတယ်...ခြောက်အချက် အရက်က လူကိုနိုင်သွားလို့ အရက်သမားအတွက် ရောဂါရ တယ်...ပြီးတော့ ရှင်တော်ဘုရားကလည်း ဟောထားသေးတယ်...ဘာတဲ့... 'သေနှင့်အရက် စီးပွားဖျက်ကို တစ်စက်ကယ်မှ မသောက်ပါနှင့်၊ ရှောင်ကြပါလေ၊ ရှင်တော်ဟောသည့် အဆိပ်ရည်' တဲ့...အရက်ချည်းပဲ

ဖိသောက်နေတော့စီးပွားမလုပ်နိုင်တာမဆန်းဘူးပေါ့လေ…တစ်ခုမှကောင်းကျိုးမပေးတဲ့အရက်ကို ကိုမောင်စွဲအောင်မသောက်ပါဘူးကွာ”

ဦးကြီးမောင်ကို ဒေါ်ခင်ဆွေမျက်စောင်းထိုးသည်။

“သူ့ပြောလိုက်ရင် ဒီအတိုင်းချည်းပဲ…မသိတာကို မရှိတော့ဘူး…အကုန်သိနေတာချည်းပဲ…

နေစမ်းပါဦး…ရှင်ပြောတဲ့…အဲလေ…ဘုရားဟောထားတာ ဘာတဲ့”

“ဟိုကွာ… ‘သေနှင့်အရက် စီးပွားဖျက်ကို တစ်စက်ကယ်မှ မသောက်ပါနှင့်၊ ရှောင်ကြပါလေ၊ ရှင်တော်ဟောတဲ့ အဆိပ်ရည်’လေ”

“အဟင်း…ရှင်က အရက်မစွဲဘူးသာ ပြောတယ်နော်…ခုတော့ စီးပွားဘက်တောင် ခြေဦးမလှည့်တော့ဘူး”

ဒေါ်ခင်ဆွေပြောတော့ ဦးကြီးမောင် ဘာမှပြန်မပြောနိုင်။

“ရှင်နဲ့ကျွန်မ နှစ်ယောက်တည်းဆိုရင် အကြောင်းမဟုတ်ပေမယ့် သမီးလေးရှေ့ရေးကရှိ သေးတယ် ကိုမောင်…ကျွန်မတစ်ယောက်တည်း လုပ်စာနဲ့ သမီးလေးကို လူတန်းစေ့ထားနိုင်ပ့ါ မလား…ကျွန်မတို့သားအမိကိုလည်း ငဲ့ပါဦး ကိုမောင်ရယ်”

ဒေါ်ခင်ဆွေမှာ ပြောရင်းကပင် မျက်ရည်ရစ်ဝဲလာသည်။

“ရှင် အရက်မသောက်ဘဲနဲ့ အရင်ကလို အလုပ်ပြန်လုပ်ပါလား ကိုမောင်ရယ်”

မျှော်လင့်ခြင်းများစွာနှင့် ဒေါ်ခင်ဆွေပြောမိသည်။ ဦးကြီးမောင်ခေါင်းမော့လာသည်။ ဒေါ်ခင်ဆွေမျက်နှာကို စိုက်ကြည့်သည်။

“နော်လို့ ကိုမောင်”

"ဘာလဲ ခင်ဆွေ...မင်းက ငါ့ကိုတင်ကျွေးထားရတာ မသထာလို့လား"

ဒီလို ခပ်မာမာပြောတော့ ဒေါ်ခင်ဆွေစိတ်မကောင်းဖြစ်ရသည်။

"အို မဟုတ်ပါဘူး ကိုမောင်ရယ်...ကိုမောင့်ကို မသထာလို့ အလုပ်လုပ်ခိုင်းတာ မဟုတ်ပါ ဘူး...ဟိုလေ ကိုမောင် အလုပ်မလုပ်ရင်လည်း ဒီအတိုင်းထိုင်စားပါ..အရက်တော့ မသောက်ပါနဲ့ တော့ ကိုမောင်ရယ်...နော်... ခင်ဆွေ ရှာကျွေးပ့ါမယ်...နော်လို့ ကိုမောင်"

ဒေါ်ခင်ဆွေက မျှော်လင့်ကြီးစွာပြောလာသည်။

ဦးကြီးမောင်က ခေါင်းမညိတ်၊ ခေါင်းမခါ။ တေမိလုပ်နေသည်။ ဒေါ်ခင်ဆွေမှာ ဦးကြီးမောင် အရက်စွဲသွားမှာ အလွန်ကြောက်နေသည်။

သူမသည်လည်း အရက်သမားမိန်းမ အခေါ်ခံရမှာကို ရှက်မိသည်။ သမီးလေးကိုလည်း အရက်သမားသမီးလို့ အခေါ်ခံရမှာစိုးရိမ်မိသည်။

ဦးကြီးမောင်မှာ ဒေါ်ခင်ဆွေတားကာမှ ပိုဆိုးလာသည်။ အရက်ကို အိမ်မှာပင်သောက်လာ သည်။ ဦးကြီးမောင်တစ်ခုကောင်းသည်မှာ အရက်သောက်ရင်ငြိမ်နေခြင်းပင်။

အရက်သောက်ပြီး ဆူဆူပူပူမလုပ်တာကိုပဲ ဒေါ်ခင်ဆွေ ကျေးဇူးတင်နေရသည်။

ဦးကြီးမောင်မှာ အရက်သောက်ပြီး အိမ်စီးပွားအတွက် အလုပ်မလုပ်တော့ခြင်းမှာအပ မိသားစုပေါ်ကိုတော့ သံယောဇဉ်ကြီးသည်။ ဒေါ်ခင်ဆွေကို ချစ်သလို သမီးလေး ခင်ဖြူကိုလည်း ချစ်သည်။

ဒေါ်ခင်ဆွေအလုပ်သွားပြီဆိုပါက ခင်ဖြူလေးကို ထိန်းကျောင်းထားသည်။

အရက်မစွဲစေရပါဘူးကွဟု ပြောခဲ့သော ဦးကြီးမောင်မှာ အရက်စွဲခဲ့ပြီ။

ဒေါ်ခင်ဆွေသည်လည်း ဦးကြီးမောင်အား အရက်ဖြတ်ရန် မတိုက်တွန်းတော့သလို အလုပ် လုပ်ရန်လည်း စကားမဟတော့။

တစ်အိမ်လုံး၏ စားဝတ်နေရေးလုံလောက်အောင် သူမတစ်ယောက်တည်း ကြိုးစားရုန်းကန် ရှာဖွေတော့သည်။

ဒီလိုနှင့် ခင်ဖြူလေးပင် ကျောင်းနေရပြီ။

ဦးကြီးမောင်ကတော့ အချိုးမပြောင်း။

အရက်ကို သောက်မြဲ။

ခင်ဖြူကျောင်းအကြို၊ အပို့ကိုတော့ ဦးကြီးမောင် လုပ်ပေးသည်။ ခင်ဖြူမှာ ဖခင်ကျောင်းပို့ ကျောင်းကြိုတာကို အစပိုင်းတွင် ပျော်မွေ့ခဲ့သည်။

နှစ်တန်းအောင်၊ သုံးတန်းကျောင်းသူ သိတတ်စအရွယ်ရောက်လာတော့ ခင်ဖြူမှာ ဖခင် ကျောင်းကြို ပို့တာကို မကြိုက်ချင်တော့။

ဦးကြီးမောင်သည်လည်း ခင်ဖြူ့ကို ကျောင်းကြိုပို့ မလုပ်တော့။

“သမီးလေး သွားတတ်လာတတ်နေပြီဆိုတော့ သမီးဘာသာ ကျောင်းသွား၊ ကျောင်းပြန် နေ” ဟု ဆိုပြီး ခင်ဖြူ့ကို တစ်ယောက်တည်း လွှတ်တတ်သည်။

ဒေါ်ခင်ဆွေမှာလည်း ဈေးရောင်းတစ်ဖက်နှင့်မို့ ခင်ဖြူတစ်ယောက်တည်းကျောင်းသွား၊ ကျောင်းပြန်တာကို စိတ်မချသော်လည်း သူမ လိုက်မပို့နိုင်။

ဒေါ်ခင်ဆွေမှာ နံနက်လင်းသည်နှင့် အကြော်စုံလည်ရောင်းတော့သည်။ အကြော်ရောင်းပြီး တော့ အိမ်ပြန်လာပြီး ထမင်းဟင်းချက်ပေးခဲ့ပြီ ကျိုက်မော်ဝန်းဘုရားသို့ ပြန်ထွက်ခဲ့သည်။

ကျိုက်မော်ဝန်းရေလယ်ဘုရားတွင်တော့ ပေါက်ပေါက်ထုပ်များနှင့်

ရာသီပေါ်စာများကို ရောင်းချလေ့ရှိသည်။

ဦးလှကလေးမှာ တစ်ယောက်တည်း ရုန်းကန်နေရရှာသော ဒေါ်ခင်ဆွေကို တူမလေး သဖွယ် ခင်ရှာသည်။ သနားသည်။ သူတတ်စွမ်းသရွေ့ ကူညီတတ်သည်။

ခင်ဖြူသည်လည်း ကျောင်းပိတ်ရက်များတွင် ကျိုက်မော်ဝန်းသို့ လိုက်လိုက်သွား၍ ဦးလှကလေးနှင့် ခင်နေပြီ။

ဒေါ်ခင်မေနှင့် ခင်ဖြူတို့မှာ အရက်စွဲနေသော ဦးကြီးမောင်၏ ဂတ္တာရားများကို ပြုစုလုပ်ကိုင် ပေးရင်း အချိန်တို့ကို ဖြတ်ကျော်ခဲ့ရတော့သည်။

*

# အခန်း (၅)

ဒေါ်ခင်ဆွေမှာ နေအနည်းငယ်မကောင်း၍ ဒီနေ့ အိမ်မှာနားဖြစ်သည်။ အရက်သောက်နေ သော ဦးကြီးမောင်နှင့် စကားပြောနေသည်။

“အဟင့် အဟင့် အဟင့်”

ရှိုက်ကြီးတငင်ငိုကြွေးပြီး အိမ်ပေါ်ပြေးတက်လာသော ခင်ဖြူလေးကို ထိတ်လန့်တကြား တွေ့လိုက်ရသည်။

“သမီးလေး…သမီးလေး ဘာဖြစ်လာတာလဲ”

သမီးအနားကို အပြေးလေးရောက်သွားပြီး သမီးလက်မောင်းနှစ်ဖက်ကို ညင်သာစွာကိုင် လှုပ်ရင်း ဒေါ်ခင်ဆွေမေးသည်။

ခင်ဖြူမှာ ဘာမှမပြောနိုင်သေး။

ငိုရှုက်၍ ကောင်းနေဆဲပင်။

“အဟင့် ဟီး ဟီး အဟင့်”

“သမီး ခင်ဖြူ…ဘာဖြစ်တာလဲ”

ငြိမ်သက်စွာအရက်သောက်နေသော ဦးကြီးမောင်ပင် မနေနိုင်တော့။ ခင်ဖြူ့အား စိုးရိမ် တကြီး လှမ်းကြည့်ပြီးမေးသည်။

ခင်ဖြူမှာ အားရအောင်ငိုပြီးမှ ရှိုက်သံလေးဖြင့် တုန်ရီစွာဖြေသည်။

“အဟင့် ဟင့်…ပထမအစမ်းစာမေးပွဲမှာ သမီးအဆင့်တစ်ရတာ ကို

တင်မာဖြင့်တို့က မကျေမနပ်ဖြစ်ပြီး သမီးကို ရန်စတယ်...သမီးက ရန်ဖြစ်တယ်ဆိုတာ မကောင်းဘူးလို့ပြောတော့ အရက်သမားသမီးက လူပါးဝလို့ ဘာညာနဲ့ သမီးကိုပြောတယ်...သမီးအရမ်းဝမ်းနည်းတယ် အဟင့် ဟင့်”

ဒေါ်ခင်ဆွေမှာ ခင်ဖြူ့မျက်နှာလေးကို ငေးကြည့်ရင်း မျက်ရည်များစို့တက်လာသည်။ သူငယ်ချင်းများ၏ ကောင်းမွန်သော ဖခင်များကြားတွင် အရက်သမားဖခင်၏ သမီးဖြစ်ရသည့် အတွက် အနှိမ်ခံရပေလိမ့်မည်။

အများကြားတွင် မျက်နှာငယ်ရပေလိမ့်မည်။

သမီးလေးမှာ ဝမ်းပန်းတနည်း ရှိုက်ငိုနေပြန်သည်။

ဦးကြီးမောင်သည်လည်း သမီးလေးမျက်နှာကို စိုက်ကြည့်ရင်း မျက်ရည်များစို့တက်လာ သည်။ ဒေါ်ခင်ဆွေမှာ သမီးလေးကို နှစ်သိမ့်ရန် စကားစရှာလိုက်သည်။

“သမီးကို အဲဒီ လိုချိုးချိုးနှိမ်နှိမ်ပြောတော့ ဆရာမကို တိုင်ပြောပါလားသမီးရဲ့”

ဒေါ်ခင်ဆွေ ဒီလိုပြောမှပင် တိတ်စပြုနေသော သမီးလေး၏ ရှိုက်သံပြန်ထွက်လာသည်။

“ဆရာမကိုတိုင်လည်း တိုင်တာပဲရှိမှာပေါ့...သူတို့ပြောတာကလည်း အမှန်တွေဆိုတော့ ဆရာမကိုယ်တိုင်လည်း ထူးမှာမှ မဟုတ်တာ”

သမီးလေးစကားကြောင့် ဦးကြီးမောင်ရင်ထဲ နင့်ခနဲဖြစ်သွားရသည်။ အဓိပ္ပာယ်ပါပါဖြင့် လှမ်းကြည့်သော ဇနီးဖြစ်သူ၏ အကြည့်ကို မခံနိုင်စွာ ခေါင်းငုံ့ချလိုက်သည်။

ဒေါ်ခင်ဆွေမှာ သမီးလေးကို ပွေ့ဖက်ရင်း အငိုတိတ်ရန် ချော့မြူရသည်။

သမီးလေးမှာ ငိုရှိုက်ရင်းကပင် အိပ်ပျော်သွားသည်။

နောက်တစ်နေ့တွင်တော့ ခင်ဖြူ တစ်စခန်းထတော့သည်။

"ကျောင်းမသွား...ကျောင်းမသွားဘူး"

"သွားပါ သမီးလေးရယ်...စာတတ်မှ လူရာဝင်မှာ သမီးရဲ့ စာတတ်မှ ဉာဏ်ကြီးမယ်လေ နော် သမီးလေး"

"ဟင့်အင်း...ကျောင်းမသွားချင်ဘူး...ကျောင်းမသွားချင်ဘူး"

ခင်ဖြူမှာ ခေါင်းအုံးပေါ်မျက်နှာမှောက်ရင်း တတွင်တွင် အော်နေသည်။

ဈေးရောင်းထွက်ရန်ဟန်ပြင်နေသော ဒေါ်ခင်ဆွေမှာ ဈေးမထွက်နိုင်သေး။ ခင်ဖြူ့ကို ချော့မော့နေရပြန်သည်။

"သမီးလေးက လိမ္မာပါတယ်ကွယ်...ကျောင်းသွား လိုက်ပါနော် သမီးလေး"

"ဟင့်အင်း တက်ဘူး...သမီးကိုအရက်သမားသမီးလို့ အော်ခေါ်ပြီးလှောင်ပြောင်ခံရမှာ ရှက်တယ်"

ခင်ဖြူ့စကားကြောင့် အရက်ပုလင်းလက်လှမ်းနေသော ဦးကြီးမောင် တွန့်ခနဲဖြစ်သွား သည်။

"ဩော် သမီးရယ်"

ဦးကြီးမောင်မှာ အရက်ပုလင်းကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသည်။

"လိမ္မာလိုက်တဲ့ သမီးလေးရယ်...သမီးကျောင်းနေပြီး စာကြိုးစားမှ ပညာတတ်ကြီးဖြစ်မှာ... ပညာတွေအများကြီးတတ်မှ စဉ်းစားတွေးခေါ်ဉာဏ်တွေ အများကြီးရှိမှာ...စဉ်းစားတွေးခေါ်တတ်မှ ဆင်းရဲတွင်းထဲက

လွတ်မြောက်နိုင်ဖို့လမ်းစတွေ့မှာ သမီးလေးရဲ့”

ဒေါ်ခင်ဆွေပြောသမျှကို ခင်ဖြူအကုန်နားမလည်။ မျက်လုံးလေးပုတ်ခတ်ပုတ်ခတ်လုပ်ရင်း

“ဟင်...ဒီလိုဆို ခင်ဖြူပညာတတ်ကြီးဖြစ်ရင် ဒီလိုမဆင်းရဲတော့ဘူးပေါ့ ဟုတ်လား မေမေ”

သူမတွေးမိသလောက်လေးကို ပြန်မေးသည်။

“ဒါပေါ့ သမီးရဲ့”

“ဒီလိုဆို ခင်ဖြူပညာတတ်ကြီးဖြစ်ချင်လိုက်တာ”

ခင်ဖြူလေး၏ မျက်ဝန်းတစ်စုံမှာ ဝင်းလက်တောက်ပလာသည်။

“ပညာတတ်ကြီးဖြစ်ချင်ရင် ကျောင်းမှန်မှန်တတ်ပြီး စာကြိုးစားရတယ် သမီးရဲ့”

“သမီးပညာတတ်ကြီးဖြစ်ရင် မေမေလည်း ဈေးမရောင်းရတော့ဘူးပေါ့နော် ဟုတ်လား”

ဒေါ်ခင်ဆွေခေါင်းညိတ်သည်။

“ဒီလိုဆိုရင် ခင်ဖြူကျောင်းတတ်မယ်... စာကြိုးစားမယ်... ပညာတတ်ကြီးဖြစ်အောင် လုပ် မယ်...ခုနေခါမှာ ခင်ဖြူ့ကို အရက်သမားသမီးလို့နှိမ်ထားတဲ့သူတွေ အံ့သြအောင်ကို ခင်ဖြူကြိုးစား ပြမယ်... ခင်ဖြူချမ်းသာရင် ခင်ဖြူ့ဖေဖေအရက်သမားဖြစ်နေတာကိုလည်း ဘယ်သူကမှထိပါး ပြောရဲတော့မှာ မဟုတ်ဘူး...ခင်ဖြူ ကြိုးစားမယ် မေမေ...ခင်ဖြူ ကျောင်းတက်တော့မယ် ”

အရွယ်နှင့်မမျှအောင်ပြောတတ်သော သမီးဖြစ်သူကိုငေးကြည့်ရင်း ဦးကြီးမောင်ပါးပေါ်သို့ မျက်ရည်ပူတစ်ပေါက်လိမ့်ဆင်းကျလာသည်။

ဦးကြီးမောင်မှာ သူ့မျက်ရည်ကို သမီးနှင့်ဇနီးမမြင်အောင် ခိုးသုတ်လိုက်သည်။

မျက်စိလျင်သော ခင်ဖြူကတော့ မြင်ဖြစ်အောင်မြင်သွားသည်။

"ဟင်...ဖေဖေငိုနေတယ်"

ခင်ဖြူ့အသံကြောင့် ဒေါ်ခင်ဆွေပါ ဦးကြီးမောင်ကို ကြည့်လိုက်သည်။

"ကိုမောင် ငိုနေတယ် ဟုတ်လား"

ဦးကြီးမောင် ဘာမှပြန်မဖြေ။

ခေါင်းကို အတွင်ငုံ့ထားသည်။

ဦးကြီးမောင်အနားတွင် ခင်ဖြူကပ်ထိုင်လိုက်သည်။

"ဖေဖေ...မငိုပါနဲ့ ဖေဖေရယ်...ဖေဖေငိုရင် သမီး မနေတတ်ဘူး"

သူမ၏ လက်နုနုလေးဖြင့် ဦးကြီးမောင်၏ မျက်ရည်ပူများကို သုတ်ပေးရင်း ပြောသည်။

ဦးကြီးမောင်မှာ သမီးလေး၏ လက်များကို ယုယစွာ ဆွဲကိုင်ဆုပ်ယူလိုက်သည်။

သမီးမျက်နှာကို စူးစိုက်ကြည့်ရင်း တုန်ယင်သောအသံဖြင့် မေးသည်။

"သမီး ဖေဖေ့ကို မမုန်းဘူးလား သမီးရယ်"

ခင်ဖြူခေါင်းခါသည်။

"မမုန်းဘူးသာဆိုတယ်...အရက်သမားသမီးလို့ အခေါ်ခံရတာ ကျတော့ ဘာလို့ရှက်ရတာ လဲ သမီး"

သမီး၏ ခံစားချက်ကို သိချင်၍ မေးသည်။

"သမီး ဖေဖေ့ကိုချစ်တယ်...သမီးမုန်းတာက အရက်ကိုမုန်းတာ... သမီးချစ်တဲ့ဖေဖေဟာ ချစ်စရာကောင်းတဲ့ အလုပ်ကိုလုပ်ရင် သမီးအပါအဝင်လူတိုင်းက ချစ်ကြမှာ...ချီးမွမ်းကြမှာ...အခု တော့ ဖေဖေက ဘုရားရှင်ကိုယ်တော်တိုင် ရှုံ့ချခဲ့တဲ့အရက်ကို စွဲမြဲစွာသောက်နေတော့...ဖေဖေ သာမက ဖေဖေနဲ့ ပတ်သက်နေတဲ့ သူတွေပါ ရှုံ့ချခြင်းခံရတယ် ဖေဖေ... သမီးဟာ ဖေဖေမွေးလို့ လူဖြစ်ခဲ့တဲ့ ဖေဖေ့သမီးပါ...ဖေဖေ့ကို ပြန်ဆုံးမတာမဟုတ်ပါဘူး... ဖေဖေသာ အရက်မသောက်ဘဲ နေရင် သမီးကိုလည်း ရှုံ့ချပြောမယ့်သူမရှိဘူး ဖေဖေ"

အရှယ်နှင့်မလိုက်အောင် စကားလုံးမြင့်မြင့်များကို သုံးပြောနေသောသမီးစကားများကို နားထောင်ရင်း ဦးကြီးမောင် မင်သက်နေမိသည်။

"သမီးအပါအဝင် လူတိုင်း လူတိုင်းဟာ ချီးမွမ်းတာကိုပဲ နှစ်သက်ကြတယ်...ချီးမွမ်းစကား ကြားရရင် အားတက်တယ်...အဲ ချိုးနှိမ်၊ နှိမ်ချစကားကြားရတော့ အားငယ်ဝမ်းနည်းတာပေါ့ ဖေဖေ ရယ်"

လက်ထဲက အရက်ပုလင်းကို ပိုကျစ်လစ်အောင်ဆုပ်ကိုင်လိုက်မိသည်။ သမီးလေး၏ အပြစ်ကင်းစင်သော မျက်နှာလေးကို ကြည့်ရင်း သူ့ရင်သည် တစစ်စစ်နာကျင်လာရသည်။

အရက်ပုလင်းအား အားနှင့် လွှဲပြီး အိမ်ပြင်သို့ လွှင့်ပစ်လိုက်သည်။

"ခွမ်း" ခနဲအသံနှင့်အတူ အရက်ပုလင်းလေးမှာ အစိတ်စိတ်အမွှာမွှာ ကြေကွဲပျက်စီးသွား သည်။

ခင်ဖြူနှင့် ဒေါ်ခင်ဆွေမှာ ဦးကြီးမောင်ကိုကြည့်ရင်း အံ့ဩနေသည်။ အံ့ဩတကြီး ကြည့်နေ ကြသော သမီးနှင့် ဇနီးကို ဦးကြီးမောင်ကြည့်လိုက်သည်။

"ခင်ဆွေနဲ့သမီးလေးခင်ဖြူ...ဖေဖေ ဒီနေ့ကစပြီး

အရက်မသောက်တော့ဘူး”

“ရှင်”

“ဟင် ဖေဖေ.. တကယ်”

ခင်ဖြူ အံ့သြဝမ်းသာစွာပြန်မေးသည်။ ဦးကြီးမောင် ခေါင်းညိတ်သည်။

“ကိုမောင် ခံနိုင်ပါ့မလား ကိုမောင်ရယ်…ကိုမောင် အရက်စွဲတာကြာပြီဆိုတော့ ခုလိုတိခနဲ ဖြတ်ရင် ကိုမောင်ခံရမှာပေါ့”

ဒေါ်ခင်ဆွေမှာ ဦးကြီးမောင်အရက်ဖြတ်မည်ပြော၍ ဝမ်းသာသော်လည်း ဦးကြီးမောင် ခံရမည်ကို စိုးရိမ်ကြီးမိသည်။

“ရတယ် ခင်ဆွေ…ကိုယ်ကြိတ်မှိတ်ခံပါ့မယ်…ကိုမောင့်ကြောင့် သမီးအနှိမ်ခံရမှာ ကိုမောင် မလိုလားဘူး”

ဦးကြီးမောင်မှာ အရက်သောက်ချိန်ရောက်လာလျှင် အရက်မသောက်ရ၍ အလူးအလိမ့် ခံစားရသည်။

အရက်သောက်နေကြမို့ အရက်မဝင်၍ ထမင်းလည်း သိပ်စားလို့မရ။ ဒေါ်ခင်ဆွေမှာ ဦးကြီးမောင်ကို ကြည့်ပြီး သနားရပြန်သည်။

သူမကိုယ်တိုင် အရက်တစ်ပုလင်းသွားဝယ်ခဲ့သည်။

“ရော့ ကိုမောင်… ဖြတ်လို့မရရင်လည်း မဖြတ်နဲ့တော့နော်… ကိုမောင်တစ်ခုခုဖြစ်သွားမှာ ကို ခင်ဆွေမကြည့်ရက်ဘူး”

“ဟုတ်တယ် ဖေဖေ…ဖေဖေအရက်ဖြတ်မရရင်လည်း ဆက်သောက်ပါတော့…ဖေဖေ စိတ်ဆင်းရဲတာကို ခင်ဖြူတို့မကြည့်ရက်ပါဘူး… ဖေဖေအနေရခက်အောင်လည်း ခင်ဖြူ့တို့သား အမိ မပြောတော့ပါဘူးလို့ ကတိပေးပါတယ် ဖေဖေ”

"အို သမီးရယ်"

သိတတ်လိမ္မာလွန်းသော သမီးလေးစကားကြောင့် ဦးကြီးမောင်မျက်ရည်ဝိုင်းရပြန်သည်။

ဒီသမီး၊ ဒီဇနီးတို့သည် သူ့အပေါ်အလွန်နားလည်လွန်းလှသည်။ အရက်သောက်ခြင်းကို မနှစ်မြို့သော်လည်း အရက်စွဲနေသော သူ့အားအရက်ဖြတ်ရန် အတင်းမတိုက်တွန်း။ သူစိတ်ချမ်း သာအောင် ထားခဲ့သည်။

ဒီလိုနှင့် ဒေါ်ခင်ဆွေတွင်လည်း ဒုတိယကိုယ်ဝန်ရခဲ့ပြီ။

မိခင်ဖြစ်သူ ကိုယ်ဝန်ရှိလာတော့ ခင်ဖြူမှာ မိခင်ဖြစ်သူနှင့်အတူ ဈေးရောင်းကူထွက်ပေး လေ့ရှိသည်။

ဈေးရောင်းထွက်ပြီးပြန်လာသည်နှင့် ကျောင်းဆက်တက်ရသည်။

ဒေါ်ခင်ဆွေမှာ ဈေးရောင်းပြန်လာတော့လည်း မအားရ၊ မနားရ။

ဗိုက်ကြီးတကားကားဖြင့် ရေခပ်ရပြန်သည်။

ခင်ဖြူလေးမှာ ကျောင်းပိတ်ရက်တွင် မိခင်ဖြစ်သူနှင့် ရေဝိုင်းဆွဲသော်လည်း ကျောင်းတတ် ရက်များတွင်တော့ ဒေါ်ခင်ဆွေတစ်ယောက်တည်းသာ ရေခပ်ရသည်။

နှစ်အိမ်ကျော်ရေတွင်းမှာ ခါတိုင်း ရေပုံးနှစ်ပုံးကို အသာလေး ဆွဲနေကျ။ ခုတော့ ကိုယ်ဝန် ကိုင့်ပြီး ရေတစ်ပုံးချင်းသာဆွဲသည်။

လမ်းများမှာ ပုံးမှရေဖိတ်စင်မှုကြောင့် ချောနေသည်။

ဒေါ်ခင်ဆွေမှာ ရေပုံးတစ်ဖက်ဖြင့် လမ်းကိုထိန်းလျှောက်နေရသည်။

တစ်ချီတွင်တော့ ခဲလုံးကို ခလုတ်တိုက်ပြီး ဒေါ်ခင်ဆွေခြေခေါက်လဲကျတော့သည်။ မြေကြီးကလည်း ချောနေသည်က

တစ်ကြောင်း၊ ရေပုံးတစ်ဖက်က တစ်ကြောင်းမို့ ဒေါ်ခင်ဆွေ အတော်အထိနာခဲ့သည်။

ခါးရိုးတစ်လျှောက် နာကျင်ခြင်းဝေဒနာကို ပြင်းပျစွာ ခံစားရသည်။ ပတ်ဝန်းကျင်ရှိလူများ၏

အကူအညီဖြင့် ဆေးရုံရောက်ခဲ့ရသည်။

အလုပ်ကြမ်း လုပ်ထားသည့် ဒဏ်၊ လဲကျသည့် ဒဏ်ဖြင့် အဖျားကြီးကာ ကလေးပါပျက်ကျ သည့်အပြင် ဒေါ်ခင်ဆွေမှာလည်း မရဏမင်း၏ ခေါ်ငင်ခြင်းသို့ ကောက်ကောက်ပါအောင် လိုက် သွားရတော့သည်။

ခင်ဖြူလေးမှာ မိခင်မရှိတော့၍ အလွန်အားငယ်နေရသည်။

အားကိုးအားထားရာမိခင်ကြီးမှာ မရှိတော့။ ဖခင်ရှိနေသေးသော်လည်း ဖခင်ကိုအားကိုးမရ နိုင်ဘူးဆိုတာ ခင်ဖြူနားလည်နေသည်။

ခင်ဖြူမှာ မိခင်လုပ်လက်စဖြစ်သော အကြော်ရောင်းခြင်းကို ဆက်လုပ်သည်။ ကျောင်းကို လည်း ဆက်တတ်သည်။

ကျောင်းပိတ်ရက်များတွင်တော့ သူမတို့၏ သန်လျင်မြို့ရှိ ကျိုက်မှော်ဝန်းရေလယ်ဘုရားသို့ သွားပြီး ပေါက်ပေါက်ရောင်းချလေ့ရှိသည်။

သူမလုပ်အားဖြင့် ရလာသောငွေလေးများကို သူမကိုယ်တိုင် စီမံခန့်ခွဲပြီး သုံးစွဲရသည်။

အိမ်စားစရိတ်အတွက်လည်း ဖယ်ရသည်။

ဖခင်အရက်ဖိုးအတွက်လည်း ဖယ်ရသည်။

မိမိကျောင်းစရိတ်အတွက်လည်း ဖယ်ရသေးသည်။ ခင်ဖြူမှာ တစ်နေ့ရငွေများကို တစ်နေ့ အလျင်မီအောင် ခွဲဝေသုံးစွဲရသည်မှာ ခေါင်းခြောက်မတတ်ပင်။

တစ်ဆယ့်သုံးနှစ်အရွယ်နှင့် မလိုက်ဖက်စွာ ယူရသည့်တာဝန်က ကြီးမားလှသည်။ ခင်ဖြူမှာ သူမတစ်ယောက်တည်း ပင်ပန်းစွာလုပ်ရသော်လည်း ဘယ်တော့မှ မညည်းညူတတ်။ ဖခင်ကြီးကို လည်း မငြိုငြင်။

ဖခင်စိတ်ချမ်းသာအောင်ထားသည်။

ဦးကြီးမောင်မှာ အရက်၏ ကျေးကျွန်ဖြစ်နေသော်လည်း သမီးလေး၏ ကျေးဇူးကိုတော့ အလွန်သိသည်။

အရက်မဖြတ်နိုင်တော့၍ သာ အရက်ကို ဆက်သောက်နေရခြင်းပင်။ တကယ်တမ်းမှာတော့ ဦးကြီးမောင် အရက် မသောက်ချင်တော့ပါ။

သမီးလေးကို သနားနေမိသည်။

မိမိသမီးဖြစ်သော်လည်း ရင်ထဲကကျေးဇူးတင်မှုကိုတော့ တိလင်းစွာထုတ်ဖော်တတ်သည်။

ငယ်ရွယ်သော သမီး၏ လုပ်စာကို ထိုင်းစားနေရတာ ကြာလာတော့ ဦးကြီးမောင် အနည်း ငယ် ရှက်လာသည်။ သမီးကတော့ သူ့အား မငြိုမငြင်။ ယုယစွာ ကျွေးမွေးပြုစုဆဲပင်။

ခင်ဖြူမှာ ဖခင်ကြီးကို အားမကိုးသော်လည်း ချစ်ပါသည်။ မိခင်ကြီးမရှိ၍ ပိုချစ်၊ ပိုတွယ်တာ ရသည်။

သူမအား ဦးလှကလေး မုန့်ပေးရင်လည်း သူမမစားဘဲ ဖခင်ကြီးအတွက် ယူယူလာတတ် သည်။ ဦးလှကလေးမှာ သူပေးလိုက်သောမုန့်များကို ခင်ဖြူမစားဘဲ သူ့ဖခင်ကြီးအား ကျွေးသည် ကိုသိ၍ ဖခင်ကြီးအတွက်ပါ မုန့်ပေးပေးလိုက်လေ့ရှိသည်။

ဒီနေ့ ဒေါ်ခင်ဆွေဆုံးတာ တစ်နှစ်ပြည့်သည့်နေ့မို့ ရေလယ်ဘုရားသို့ ခင်ဖြူရောက်လာ သည်။ ပေါက်ပေါက်လာရောင်းခြင်းမဟုတ်။

မိခင်အတွက် အလှူငွေထည့်ပြီး လာရောက်ကန်တော့ရန်ပင်။

ခင်ဖြူအား ရေလယ်ဘုရားသို့ ဦးလှကလေးပို့ပေးလိုက်သည်။ ကြားရက်ဖြစ်၍ ဘုရားတွင် လူရှင်းနေသည်။ အနည်းငယ်သော ဘုရားဖူးသာရှိကြသည်။

ခင်ဖြူမှာ မိခင်ကြီးအတွက် ရည်မှန်းရှိခိုး ဆုတောင်းနေသည်။

ဘုရားဝတ်ပြုပြီးသည်နှင့် တစ်ဖက်ကမ်းသို့ ပြန်ရန်ထလိုက်သည်။

"ဟင်...ပိုက်ဆံအိတ် တစ်အိတ်ပါလား"

ခင်ဖြူ၏ လက်တစ်ကမ်းအကွာ ကြမ်းပြင်ပေါ်တွင်တော့ နက်ပြောင်နေသော ပိုက်ဆံအိတ် တစ်လုံး။ ခင်ဖြူမှာ ပိုက်ဆံအိတ်ကလေးကို ကောက်ယူကြည့်လိုက်သည်။

ပိုက်ဆံအိတ်အသားကို ကိုင်ကြည့်ရုံနှင့်ပင် ပိုက်ဆံအိတ်မှာ အတော်တန်ဖိုးကြီးကြောင်း သိ နိုင်သည်။ ဘယ်လောက်ဆိုတာကို ခင်ဖြူမမှန်းတတ်သော်လည်း တန်ဖိုးမနည်းဘူးဆိုတာကိုတော့ ခင်ဖြူသိသည်။

ဘုရားဖူးတစ်ဦးထံမှ မေ့ကျန်ခဲ့ခြင်းဖြစ်နိုင်သည်။

ခင်ဖြူမှာ ပိုက်ဆံအိတ်ကလေးကို ဖွင့်မကြည့်ဘဲ သူမ၏ ခေါင်းမှခေါင်းပေါင်းစကို ဖြုတ်ယူပြီး ပိုက်ဆံအိတ်ကလေးကို ထုတ်လိုက်သည်။

ပိုက်ဆံအိတ်ကလေးကို ပိုက်ပြီး ဘုရားရင်ပြင်တော်တစ်လျှောက် ခင်ဖြူပတ်ခဲ့သည်။

မိသားစုဖြစ်ဟန်တူသော လူသုံးယောက်ကို တွေ့လိုက်ရသည်။ သူတို့သုံးယောက်၏ အမူ အရာမှာ တစ်ခုခုကို လိုက်ရှာနေသကဲ့သို့ ဟိုကြည့်၊ ဒီကြည့် ဂဏှာမငြိမ်။

ထိုသုံးယောက်နားသို့ ခင်ဖြူကပ်သွားသည်။

ခင်ဖြူ အနားရောက်သွားတော့ ထိုမိသားစုမှ သားဖြစ်ဟန်တူသော ခင်ဖြူ့ထက် ဆယ်နှစ် ကျော်ကြီးဟန်တူသော လူရွယ်က ခင်ဖြူ့အားပြုံးပြရင်း ငါးကျပ်တန်တစ်ရွက် ထုတ်ပေးသည်။

ခင်ဖြူ၏ အဝတ်အစားမှာ နွမ်းနယ်နေ၍ ပေးဟန်တူသည်။ ခင်ဖြူမှာ ခေါင်းကိုသွက်သွက် လည်အောင် ခါပြလိုက်သည်။

ပိုက်ဆံလိုချင်၍ အနားလာရပ်သည်ဟု အထင်နှင့် ပိုက်ဆံပေးတာကို မယူတော့ လူရွယ် အံ့သြသွားသည်။

"ဟော့ ကောင်မလေး...ယူလေ"

"ဟင့်အင်း...ခင်ဖြူ သူတောင်းစားမဟုတ်ပါဘူး...ဦးဦးတို့ ဒေါ်ဒေါ်တို့ ဘာများအကူအညီ လိုသလဲလို့ မေးမလို့ပါ"

ခင်ဖြူ့စကားကြောင့် မိသားစုသုံးယောက်စလုံးမှာ အံ့သြမှုကြောင့် မျက်စိပြူးကျယ်သွား ကြသည်။

ငချွတ်မလေးတစ်ယောက်က သူတို့အား ဘာအကူအညီလိုသလဲ မေးမလို့ပါဟု ပြောသည့် အတွက်လည်း ရယ်ချင်သွားကြသည်။ ကလေးမလေး မျက်နှာကိုကြည့်လိုက်တော့ သူတို့အား တကယ် ကူညီချင်ပုံမို့ မရယ်ရက်။

သူတို့ရယ်လိုက်ခြင်းဖြင့် ကလေးမလေး၏ စေတနာအား ပျက်ရယ်ပြုသလို ဖြစ်သွားနိုင် သည်။

ဖခင်ဖြစ်ဟန်တူသော လူကြီးကပြုံးရင်း ခင်ဖြူ၏ နီကျင်နေသော ဆံစများကို ပွတ်သပ်ကာ

"သမီးက ဦးဦးတို့ အကူအညီတောင်းနေတာကို တကယ်ကူညီနိုင်ပါမလားကွယ့်"

ကလေးမလေး စိတ်ကျေနပ်စေရန် ပြောလိုက်သော်လည်း

ကလေးမလေးဆီက အကူအညီ

မရနိုင်မှန်း ထိုလူကြီးသိပါသည်။

“ဦးဦး ပြောလေ...သမီးကူညီနိုင်တာ ကူညီပေးပါ့မယ်”

ခင်ဖြူက အားတက်သရော ပြောတော့ သုံးယောက်စလုံးရယ်ကြသည်။ အဒေါ်ကြီးက ခင်ဖြူ့ကို ပြုံးကြည့်ရင်းပြောသည်။

“သမီးလေး ကူညီနိုင်ရင် တစ်ခုလောက် ကူညီပါလားကွယ်”

ခင်ဖြူ ခေါင်းညိတ်သည်။

“ဒေါ်ဒေါ်တို့ ပိုက်ဆံအိတ်တစ်အိတ်မေ့ကျန်ခဲ့တယ်... သွားပြန်ကြည့်တော့လည်း မရှိတော့ ဘူး...အဲဒါ သမီးလေး လိုက်ရှာပေးနိုင်မလား”

ခင်ဖြူ ဘာမှပြန်မပြောဘဲ ခေါင်းပေါင်းစလေးကို ဖြေပြလိုက်သည်။ ခေါင်းပေါင်းစအတွင်းမှ နက်ပြောင်သော ပိုက်ဆံအိတ်တစ်အိတ်ထွက်လာသည်။

မိသားစုသုံးယောက်မှာ ခေါင်းပေါင်းစအတွင်းမှ ပိုက်ဆံအိတ်ကလေးကို ကြည့်ရင်း အံ့သြ နေကြသည်။

ခင်ဖြူမှာ ပိုက်ဆံအိတ်အား မြှောက်ပြရင်း

“ဦးဦးတို့ မေ့ကျန်ခဲ့တယ်ဆိုတာ ဒီအိတ်များလားမသိဘူး”

“ဟုတ်တယ် သမီး...ဟုတ်တယ်”

ဝမ်းသာအားရ ပြောလိုက်သော အသံများမှာ အနည်းငယ်ကျယ်သွားသည်။

မိသားစုသုံးယောက်မှာ ရိုးသားသောခင်ဖြူလေး၏ စိတ်ဓာတ်ကို အလွန်သဘောကျသွား ကြသည်။ ခင်ဖြူအား မုန့်ဖိုးပေးသော်လည်း ခင်ဖြူမယူ။

မုန့်ဖိုးမယူရင် အိမ်လိုက်ပို့ပေးမယ်ဆိုသဖြင့် ခင်ဖြူမှာ အိမ်လိုက်ပို့ရန်

လက်ခံလိုက်ရသည်။

ယခုကဲ့သို့ ကားအကောင်းစားစီးရခြင်းသည် ခင်ဖြူ့အတွက် ပထမဦးဆုံးအကြိမ်ပင်။

*